

# “ငါတို့အားလုံးကို ဖျက်ဆီးပစ်မယ်”

## လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက်စစ်တပ်၏ တာဝန်ဝတ္တရား - ရခိုင်ပြည်နယ်၊ မြန်မာ

AMNESTY INTERNATIONAL

INDEX: ASA 16/8630/2018
JUNE2018
LANGUAGE: BURMESE
amnesty.org

# အစီရင်ခံစာ အကျဉ်းချုပ်

**“ကျွန်တော်တို့ အနောင့်အယှက်လည်း တစ်ခုခုရှိရင် တစ်ရွာလုံးကို မီးရှို့ဖို့ အမိန့်ရတယ်။ မင်းတို့ရွာသားတွေ အေးအေးချမ်းချမ်း မနေရင် ငါတို့အားလုံးကို ဖျက်ဆီးပစ်မယ်။”**

မြန်မာစစ်တပ်အရာရှိတစ်ဦးက ဩဂုတ်လနှောင်းပိုင်း 2017 ခုနှစ်တွင်၊ အင်းဒင်ကျေးရွာ၊ မောင်းတောမြို့နယ်တွက် နေထိုင်သော ရိုဟင်ဂျာ အမျိုးသား တစ်ဦးနှင့် ဖုန်းပြောနေစဉ် အသံဖမ်းခဲ့ခြင်းဖြစ်သည်။ ရက်အနည်းငယ်အတွင်း၊ ရိုဟင်ဂျာများနေထိုင်သော အင်းဒင်ဒေသကို လုံခြုံရေး တပ်ဖွဲ့များက ဝင်ရောက်ဖျက်ဆီးခဲ့သည်။[1]

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ မနက်ခင်း အစောပိုင်းတွင် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (ARSA) ဟု သိရှိထားသော ရိုဟင်ဂျာ လက်နက်ကိုင်အုပ်စုသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လုံခြုံရေးတပ်စခန်းများသို့ တိုက်ခိုက်မှုများ စတင် ဆောင်ရွက်ခဲ့သည်။ ၎င်းဖြစ်စဉ်အပြီး ရက်၊ လများစွာ အကြာတွင် မြန်မာစစ်တပ်မှ ဦးဆောင်သော မြန်မာ့လုံခြုံရေးတပ်များသည် ရခိုင်ပြည်နယ် မြောက်ပိုင်း တစ်ဝှမ်းရှိ ကျေးရွာများမှ ရိုဟင်ဂျာ လူထုတစ်ရပ်လုံးအပေါ် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပေသည်။

ဩဂုတ်လ ၂၅ရက် ဖြစ်စဉ်အပြီး၊ နောက် ၁၀ လ အကြာတွင် မြန်မာ့လုံခြုံရေးတပ်များသည် အမျိုးသမီး၊ အမျိုးသားနှင့် ကလေးများ ပါဝင်သည့် လူဦးရေ ၇၀၂,၀၀၀ ကျော်—ပြဿနာများစတင်ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်သည့် ရိုဟင်ဂျာဦးရေ ၈၀ ရာခိုင်နှုန်း ကျော်အား အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် ဘက်သို့ မောင်းထုတ်ခဲ့သည်။ ရိုဟင်ဂျာလူထု အပေါ် လူမျိုးတုံး သုတ်သင်၊ ရှင်းလင်း မှုသည် စင်စစ် အကြောင်းကင်းမဲ့၍ စနစ်တကျစီမံထားသော တိုက်ပွဲစဉ်တစ်ခု အနေအဖြစ် မြန်မာ့ လုံခြုံရေးတပ်များမှ စီမံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ကလေးငယ်များ အပါအဝင် ရိုဟင်ဂျာ ထောင်နှင့်ချီအား ဥပဒေမဲ့ သတ်ဖြတ်ခဲ့သည်၊ ရိုဟင်ဂျာ အမျိုးသမီးများ နှင့် မိန်းမငယ်လေးများ ရာနှင့်ချီအား မုဒိမ်းပြုကျင့်မှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာစော်ကားမှုများ ကျူးလွန်ခဲ့သည်၊ ထိန်းသိမ်းရေး နေရာများရှိ ရိုဟင်ဂျာ အမျိုးသားများ နှင့် ယောကျာ်းကလေးများအား ညှဉ်းပန်းနှိပ်စက်ခဲ့သည်၊ ဈေးများအား မီးရှို့ ခြင်း နှင့် လယ်ယာထဲ ဝင်ရောက် လုပ်ကိုင်ခွင့် ပိတ်ဆို့ခြင်းများ ဆောင်ရွက်၍ ရိုဟင်ဂျာ အသိုင်းအဝိုင်းများ ငတ်မွတ်စေရန် ဖန်တီးခဲ့သည်၊ ထို့ပြင် ရိုဟင်ဂျာ ကျေးရွာများ ရာနှင့်ချီအား တမင်ပစ်မှတ်ထားကာ မီးရှို့ ဖျက်ဆီးခဲ့လေသည်။

ဤပြစ်မှုများသည် စင်စစ် ရိုဟင်ဂျာလူထုအပေါ် ဖြန့်ကျက်၍ စနစ်တကျစီမံထားသော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ရာ နိုင်ငံ တကာ ဥပဒေအရ လူသားမျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှုများပင်ဖြစ်သည်။ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမစာချုပ်အတွင်း စာရင်းပြုစုထားသော လူသားမျိုးနွယ် အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှု ၁၁ ခု ထဲမှ ၉ ခုအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ကတည်းကပင် ကျူးလွန်နေလျက်ရှိကြောင်း သက်သေ အထောက်အထားအား Amnesty International မှ ရရှိထားပြီး၊ ဤတွင် သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ပြည်နှင်ဒဏ်ပေးမှု သို့မဟုတ် အတင်းအကြပ် အင်အားသုံး၍ ပြောင်းရွှေ့စေမှု၊ မုဒိမ်းမှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ နှိပ်ကွပ်ညှဉ်းပန်းမှု၊ အင်အားသုံး ဖျောက်ဖျက်မှု နှင့် ငတ်မွတ်စေရန် ဖိအားပေးမှု အပါအဝင် အခြားသော လူမဆန်သည့် ပြုမူမှုများအား တွေ့ ရှိရပေသည်။ ထို့ပြင် ဤရာဇဝတ်မှုများအတွက် တာဝန်ရှိသူမှာ ကာကွယ်ရေး ဝန်ကြီးဌာန၏ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် တပ်မတော်မှ အမြင့်ဆုံးရာထူးရရှိထားသူများအထိ ပါဝင် နေလျက်ရှိကြောင်း သက်သေအထောက်အထားအား Amnesty International က ရရှိထားပေသည်။

ဤအစီရင်ခံချက်သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၁၈ ခုနှစ်၊ ဇွန်လတို့အကြားတွင် ဆောင်ရွက်ခဲ့သော အင်တာဗျူး မေးမြန်းမှု အကြိမ်ပေါင်း ၄၀၀ ကျော်ပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်သော သုတေသန မစ်ရှင် လေးခု၊ နှင့် မြန်မာနိုင်ငံသို့ သွားရောက်သော မစ်ရှင် သုံးခု (တစ်ခုအား ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခြင်းဖြစ်သည်) အတော အတွင်းမှ မေးမြန်းချက်များလည်း အပါအဝင်ဖြစ်သည်။ ဤအင်တာဗျူး မေးမြန်းမှုများသည် ရာဇဝတ်မှုမှ ရှင်သန်လွတ်မြောက်ခဲ့သူများ နှင့် တိုက်ရိုက် မျက်မြင်သက်သေများဖြင့် ပြည့်နှက်နေသည်။ Amnesty International အနေနှင့် အဓိကအားဖြင့် မူစလင်အုပ်စု ဖြစ်သည့်  ရိုဟင်ဂျာများ၊ အားလုံးမှာ အဓိကအားဖြင့် ဗုဒ္ဓဘာသာအုပ်စုများဖြစ်ကြသည့် ရခိုင်၊ မြို၊ ခမီ နှင့် သက် တိုင်းရင်းသားများ၊ ထို့ပြင် ဟိန္ဒူများအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အမျိုးမျိုးသော တိုင်းရင်းသား နှင့် ဘာသာရေး အသိုင်းအဝိုင်းများ မှ လူများအား ရှာဖွေဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရှင်သန်လွတ်မြောက်လာသူများ နှင့် မျက်မြင်သက်သေများအပြင် Amnesty International သည် ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာရှိ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ လူမှုရေးလုပ်သားများ၊ ရိုဟင်ဂျာ ဒုက္ခသည်ခိုလှုံသူများအကြား အကြမ်းဖက်မှုနှင့် ဆက်နွယ်၍ ထိခိုက်ဒဏ်ရာရရှိသူများအား ကုသပေးခဲ့သည့် ဘင်္ဂလားဒေ့ရှ်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ မြန်မာစစ်တပ်ရေးရာ လေ့လာ ဆန်းစစ်သူများ၊ သံတမန်များ၊ စာနယ်ဇင်းသမားများ နှင့် ကျေးရွာအုပ်ချုပ်သူများဟု သိရှိထားသည့် မြန်မာနိုင်ငံမှ ဒေသခံ အုပ်ချုပ်သူ အရာရှိများတို့အား အင်တာဗျူး မေးမြန်းခဲ့သည်။ ဤအစီရင်ခံစာသည် ဂြိုလ်တု ရုပ်ပုံနှင့် ဒေတာများအား ဆန်းစစ် လေ့လာမှု၊ ထိခိုက်ဒဏ်ရာရရှိမှု ဓာတ်ပုံများအပေါ် မှုခင်းဆေးဘက်ဆိုင်ရာ စစ်ဆေးမှု၊ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာများမှ ရိုက်ကူးထားသော စစ်မှန်သည့် ဓာတ်ပုံနှင့် ဗီဒီယိုဖိုင်များ၊ အထူးသဖြင့် မြန်မာ့စစ်တပ်၏ ကာကွယ်ရးဖွဲ့စည်းပုံဆိုင်ရာ လျှို့ ဝှက် စာရွက်စာတမ်းများနှင့် မြန်မာစစ်တပ်ဖြင့် သက်ဆိုင်လျက်ရှိသော Facebook ပို့စ်တ်များ အပါအဝင် ပွင့်လင်းလွတ်လပ်သော စုံစမ်း စစ်ဆေးမှု နှင့် လေ့လာဆန်းစစ်မှု အရင်းအမြစ်များအပေါ်တွင်လည်း ဖြန့်ကျက်လေ့လာကာ ကောက်ချက်ချထားပေသည်။



AMNESTY INTERNATIONAL

**ညှဉ်းပန်းနှိပ်ကွပ်မှု၏ နောက်ခံအကြောင်းအရင်း**

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများသည် ကာလကြာရှည်စွာဖြင့် စနစ်တကျ ခွဲခြားဆက်ဆံမှု၊ ညှဉ်းပန်းနှိပ်ကွပ်မှုတို့ကို ခံခဲ့ကြရသည်။ အစိုးရ တစ်ဆက်ပြီး တစ်ဆက်သည် ရိုဟင်ဂျာများမှာ မြန်မာနိုင်ငံမှ တိုင်းရင်းသားအုပ်စုတစ်စု မဟုတ်ကြောင်း၊ နိုင်ငံအတွင်း "တရားမဝင်" အခြေချနေထိုင်လျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်မှ ရွှေ့ပြောင်းနေထိုင်သူများသာဖြစ်ကြောင်း သတ်မှတ်ခဲ့ကြသည်။ စင်စစ်မှာမူ ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသော ရိုဟင်ဂျာအများစု နှင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နှင့် အခြားသော ဒေသများသို့ မကြာသေးခင်က ထွက်ပြေးခဲ့ကြသူများတို့သည် ၎င်းတို့၏မိဘများကဲ့သို့ပင် မြန်မာ၌ မွေးဖွားခဲ့ကြသူများဖြစ်လေသည်။ ၎င်းတို့ အားလုံး နီးပါးသည် မြန်မာမှလွဲ၍ အခြားသော နိုင်ငံတစ်ခုခု၏ နိုင်ငံသားများ မဟုတ်ကြသလို အခြားသောနိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်အား တောင်းဆိုရန်လည်း မတတ်သာပေ။ သို့သော်လည်း၊ ၎င်းတို့အများစုသည် မြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြု မခံခဲ့ရပေ။ ခွဲခြားဆက်ဆံမှုပြုသည့် ဥပဒေများ၊ မူဝါဒများ နှင့် ကျင့်စဉ်များ၊ အထူးသဖြင့် ၁၉၈၂ နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာဥပဒေနှင့် ၎င်း၏ သက်ဆိုင်ရာ ချမှတ်မှုများကြောင့် ၎င်းတို့သည် နိုင်ငံသား အခွင့်အရေးများအား ဆုံးရှုံးနေရလျက် ရှိသည်။

၎င်းတို့၏ နိုင်ငံသားဖြစ်ခွင့် မရရှိမှုသည် စင်စစ် ရိုဟင်ဂျာများအပေါ် အနှုတ်လက္ခဏာသက်ရောက်မှုများအား ဆင့်ကမ်းခဲ့ခြင်းပင် ဖြစ်သည်။ ၎င်းသတ်မှတ်မှုကြောင့် အာဏာပိုင်များသည် ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့်အား ပြင်းပြင်းထန်ထန် ပိတ်ပင် ထားနိုင်ခဲ့ပြီး၊ ၎င်းတို့အား ကျန်ရှိနေသည့် လူမှုအသိုင်းအဝိုင်းများဖြင့် ထိရောက်စွာ သီးသန့်ပိုင်းခြားထားနိုင်ခဲ့သည်။ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး နှင့် အလုပ်အကိုင် အခွင့်အလမ်းများအား ရယူနိုင်ခွင့်ကိုလည်း ပြင်းထန်စွာ ကန့်သတ်ထားခဲ့သည်။ ဤခွဲခြားဆက်ဆံမှု နှင့် လူသားမဆန်သော အုပ်ချုပ်မှုသည် ရိုဟင်ဂျာများ နှင့် တိုင်းရင်းသား ရခိုင်များအကြား ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု (ထိုအချိန်တွင်ရခိုင်တိုင်းရင်းသားများအား လုံခြုံရေးတပ်များက ပံ့ပိုးကူညီပေးခဲ့သည်) အပြီးနောက်တွင် ပိုမို သိသာထင်ရှားလာပြီး မြန်မာတပ်မတော်နှင့် အရပ်သား အာဏာပိုင်များတို့မှ တင်းတင်းကြပ်ကြပ် ကျင့်သုံးဆောင်ရွက်ခဲ့ကြသည်။ Amnesty International အနေနှင့် ကောက်ချက်ချသည်မှာ ရိုဟင်ဂျာများအား မျိုးနွယ်အုပ်စုတစ်စုအဖြစ် ပစ်မှတ်ထားကာ ဥပဒေများ၊ မူဝါဒများ နှင့် ကျင့်စဉ်များမှ တစ်ဆင့် နိုင်ငံတော်က အကောင်ထည်ဖော် ကျင့်သုံးခဲ့သော ဤအုပ်ချုပ်မှုပုံစံသည် အထက်တွင် ဖော်ပြထားသည့်အတိုင်း လူသားမျိုးနွယ်စုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ဖြစ်ပွားလာစေခြင်းပင် ဖြစ်သည်။

ရိုဟင်ဂျာများ ခံစားခဲ့ရသော နေ့စဉ် ညှဉ်းပန်းနှိပ်ကွပ်မှုများအပြင် မြန်မာ့လုံခြုံရေးတပ်များသည် အကြမ်းဖက် နှင်ထုတ်မှုများအား ပြုလုပ်ခဲ့ကြောင်း သမိုင်းကြောင်းတစ်လျှောက် တွေ့ ရှိရနိုင်ပေသည်။ ၁၉၇၈ ခုနှစ်၊ "*နဂါးမင်း* စစ်ဆင်ရေး" (နဂါးဘုရင်) ဟု အမည်တပ်ထားသည့် "တရားမဝင် ပြောင်းရွှေ့ နေထိုင်မှုအပေါ်" စစ်ဆင်ရေးပြုလုပ်မှု အတောအတွင်း နှင့် ၎င်းအပြီးနောက်တွင် ရိုဟင်ဂျာလူဦးရေ ၂၀၀,၀၀၀ အထိအား မြန်မာမှ ထွက်ပြေး သွားစေရန် ဖိအားပေးခဲ့သည်။ ၁၉၉၁ နှင့် ၁၉၉၂ တွင် မြန်မာ့လုံခြုံရေး တပ်များမှ နောက်ထပ် အကြမ်းဖက်မှုတိုက်ပွဲစဉ်တစ်ခုအား ဆောင်ရွက်ပြီးသည့်နောက် ရိုဟင်ဂျာ လူဦးရေ ခန့်မှန်းခြေ ၂၅၀,၀၀၀ ခန့်သည် ထွက်ပြေးခဲ့ရပြန်သည်။ ၎င်းအမှုနှစ်ခုစလုံးအား ကြည့်မည်ဆိုလျှင် ရိုဟင်ဂျာအများစုသည် ဤနှစ်ပိုင်း တစ်လျှောက်တွင် မိမိဆန္ဒအလျောက်ဟုတ်၊ မဟုတ် မေးခွန်းထုတ်ဖွယ်ရာပုံစံဖြင့် ဘင်္ဂလားဒေ့ရှ်မှ မိမိနေရပ်သို့ ပြန်လည်ပေးပို့ ခံရခြင်းဖြစ်သည်။ ဤသို့ နေရပ်ပြန်လည်ပို့ဆောင်မှု လုပ်ငန်းစဉ်သည် ရိုဟင်ဂျာများ၏ အသက်တာတွင် တိုးတက်ဖွံ့ ဖြိုးမှုများအား ဖြစ်ထွန်းစေမည် မဟုတ်ပေ၊ ဆန့်ကျင်ဘက် အနေနှင့် ဤနေရပ်ပြန်လည်ပို့ဆောင်မှုနောက်ကွယ်တွင် ရိုဟင်ဂျာ အခွင့်အရေးများ နှင့် ဂုဏ်သိက္ခာတို့အား ထိပါးခံနေရခြင်းသာ ဖြစ်သည်။

မကြာသေးခင်၂၀၁၆ ခုနှစ် အောက်တိုဘာလလောက်မှစတင်၍ ထိုအချိန်က အမည်မသိရှိရသေးသော ရိုဟင်ဂျာ လက်နက်ကိုင်အုပ်စု၊ ARSA သည် လုံခြုံရေးတပ်စခန်းများအား ဝင်ရောက်တိုက်ခိုက်မှုအပြီးနောက် မြန်မာလုံခြုံရေးတပ်များမှ ရိုဟင်ဂျာ အမျိုးသမီးများ၊ အမျိုးသားများ၊ ကလေးများ နှင့် ကျေးရွာများအား ပစ်မှတ်ထားဆောင်ရွက်မှုနောက်ပိုင်းတွင် ထောင်သောင်းချီသော ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်ဘက်မှ ထွက်ပြေးရန် ဖိအားပေး ခံခဲ့ရသည်။ တပ်မတော်၏ "သုတ်သင်ရှင်းလင်းမှု စစ်ဆေးရေးများ" တွင် ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ မုဒိန်းမှု နှင့် အခြားသော ညှဉ်းပန်း နှိပ်စက်မှုပုံစံများ၊ အင်အားသုံး ဖျောက်ဖျက်မှုများ နှင့် တစ်ဖက်သတ် ထိန်းသိမ်း ထားမှုများပါဝင်ပြီး စနစ်တကျဖြင့် ဖြန့်ကျက်ကာ လူ့အခွင့်အရေးများအား ချိုးဖောက်ခဲ့ခြင်း ပင် ဖြစ်သည်။ ထိုအချိန်တွင် Amnesty International နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ UN ရုံးခန်းသည် ဤရာဇဝတ်မှုများအား လူသားမျိုးနွယ် အပေါ် ဆန့်ကျင်သည့် ရာဇာဝတ်မှုများဖြစ်နိုင်ကြောင်း ကောက်ချက်ချခဲ့ကြသည်။

မြန်မာတပ်မတော် နှင့် နိုင်ငံတော်ကော်မရှင်သည် ဤစွပ်စွဲမှုများအပေါ် စုံစမ်းစစ်ဆေးမှုများအား သီးခြားစီ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် နှစ်ဖက်စလုံး သည် OHCHR ၏ ရှာဖွေတွေ့ရှိချက်များအား ငြင်းဆန်ခဲ့ကြပြီး၊ မှားယွင်းမှုများ မရှိသလောက်နီးပါး ဖြစ်ကြောင်း ဖော်ပြထားသော ပြစ်မှုဖုံးကွယ်သည့် အစီရင်ခံချက်များကိုသာ ထုတ်ပြန်ခဲ့ကြသည်။ ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ပြစ်မှုများအတွက် လုံခြုံရေးတပ်များသည် အလုံးစုံ ပြစ်ဒဏ်ကင်း လွတ်ခွင့်များမှ အကျိုးအမြတ်များ ရရှိလျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း တိတ်တဆိတ်နေလျက်ရှိပြီး၊ ပြင်းထန်သော ရှုတ်ချမှု၊ အရေးယူမှုတို့ကြောင့် ဆယ်စုနှစ်ပေါင်းများစွာအကြာ စစ်တပ်အုပ်ချုပ်မှု နှင့် သီးသန့်ဖယ်ထွက်မှုတို့မှ ရုန်းထွက်လာကာ အရပ်သား အစိုးရ အုပ်ချုပ်မှုဟု ယူဆရသော နိုင်ငံတော်၏ မကြာသေးခင်က ပြောင်းလဲမှုအပေါ် သက်ရောက်မှုရှိမည်ကို စိုးရိမ် နေကြသည်။ ဤပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် အထူးသဖြင့် ၂၀၁၂ ကတည်းကစ၍ စုပေါင်းကာ တိတ်တဆိတ်နေမှုတို့သည် လက်ရှိ အခြေအနေများအား ဖန်တီးခဲ့သည့် စင်မြင့်ပင် ဖြစ်ပေသည်။

**ဩဂုတ်လ ၂၅ရက် အကြမ်းဖက်မှု၏ နိဒါန်းအစ**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ရက် မတိုင်မီ လပေါင်းများစွာအလိုကတည်းကပင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အားပြိုင်မှုများ မြင့်တက်နေခဲ့ခြင်း ဖြစ်သည်။ မြန်မာ့လုံခြုံရေးတပ်များသည် ARSA အဖွဲ့ဝင်များအား ဖော်ထုတ်ရန် နှင့် ၎င်းတို့၏ အစီအစဉ်များ၊ လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး အချက်အလက်များ စုဆောင်းရန်ဟူသော အကြောင်းပြချက်ဖြင့် ရိုဟင်ဂျာ အမျိုးသားများ နှင့် ယောကျ်ားလေးများအား အင်အားသုံးကာ အတင်းအကြပ် ဖမ်းဆီး၊ ထိန်းသိမ်း ထားခဲ့သည်။ Amnesty International သည် ၎င်းကာလအတွင်း လုံခြုံရေးတပ်များမှ ဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်ခဲ့သော သို့မဟုတ် ရက်စက်စွာ ဆက်ဆံခဲ့ သော အမျိုးသား ၂၃ ဦး နှင့် ဆယ်ကျော်သက် ယောကျ်ားလေး နှစ်ဦးတို့အား အင်တာဗျူး မေးမြန်းခဲ့သည်။ ၎င်းဖမ်းဆီးမှုအတောအတွင်း ၎င်းတို့ တစ်ယောက်ချင်းစီအား မကြာခဏဆိုသလို ရိုက်နှက်ကာ၊ နယ်ခြားစောင့်တပ် (BGP) စခန်းများသို့ ခေါ်ဆောင်သွားခြင်းခံရကာ ၎င်းတို့အား ရက်ပေါင်း များစွာ၊ အချို့တို့ အား ရက်သတ္တပတ် အပတ်ပေါင်းများစွာ ဖမ်းဆီးထားခဲ့ကြောင်း သိရှိရသည်။

BGP အခြေစိုက်စခန်းများတွင် BGP အရာရှိများသည် အချက်အလက်များညှစ်ထုတ်ယူရန် သို့မဟုတ် ARSA ဖြင့် ပတ်သက်မှုအား ၎င်းတို့မှဝန်ခံလာစေရန် တွက် ရိုဟင်ဂျာ ထိန်းသိမ်းခံထားရသူများအား ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည် သို့မဟုတ် ရက်စက်စွာ ဆက်ဆံခဲ့ကြသည်။ Amnesty International သည် မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ တောင်ဘာဇာ နှင့် ရသေ့တောင်မြို့နယ် စေတီပြင် ကျေးရွာတို့တွင်ရှိသော BGP အခြေစိုက်စခန်းနှစ်ခု၌ ဖြစ်ပေါ်ခဲ့ သည့် ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြားသော ရက်စက်စွာ ဆက်ဆံမှု အသေးစိတ်အား စာရွက်စာတမ်း ပြုစုထားနိုင်ခဲ့သည်။

နောက်ပိုင်း ဤအခြေစိုက်စခန်းများမှ လွတ်မြောက်လာခဲ့သော ရိုဟင်ဂျာ ထိန်းသိမ်းခံထားရသူများသည် ညှဉ်းပန်းနှိပ်စက်ခံရမှု ပုံစံများအား ဖော်ထုတ် ပြောပြခဲ့ရာ ပြင်းထန်စွာ ရိုက်နှက်ခြင်း၊ မီးရှို့ ခြင်း၊ ရေမွန်းစေခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အစား အသောက် နှင့် ရေအား အငတ်ထားခြင်း နှင့်

အရှက်ခွဲခြင်း အစရှိသည့်နည်းလမ်းများ အသုံးပြုခဲ့ကြောင်း သိရှိရသည်။ တောင်ဘာဇာ BGP အခြေစိုက်စခန်းတွင် ထိန်းသိမ်းခံခဲ့ရသော ရိုဟင်ဂျာ အမျိုးသားများသည် ၎င်းတို့၏ မုတ်ဆိတ်များ မီးရှို့ ခံခဲ့ရကြောင်း ပြောပြခဲ့သည်။ စေတီပြင် BGP အခြေစိုက်စခန်းတွင် ထိန်းသိမ်းခံခဲ့ရသည့် ရိုဟင်ဂျာ အမျိုးသားများ နှင့် ယောက်ျားလေး တစ်ဦးမှာ အစားအသောက် နှင့် ရက်ပေါင်းများစွာ ကြာအောင် ရေ အငတ်ထားခံရကြောင်း၊ သေဆုံးနိုင်လောက်သည့် အထိ ရိုက်နှက်ခံရကြောင်း၊ ထို့ပြင် အခြေအနေများတွင်မူ ပေါက်ပြဲအနာဒဏ်ရာ ရရှိသည့်အထိ ၎င်းတို့၏ လိင်အင်္ဂါများအား လောင်ကျွမ်းစေခဲ့ကြောင်း ပြောပြခဲ့သည်။ ရသေ့တောင်မြို့နယ်ရှိ ကျေးရွာတစ်ရွာမှ လယ်သမားတစ်ဦး၏ Amnesty International သို့ ပြောပြချက်အရမူ *"ကျွန်တော့်ခေါင်း အနောက်မှာ လက်တွေကို ကြိုးချည်နှောင်ပြီး မတ်တပ်ရပ်နေရပါတယ်၊ ပြီးတော့ ကျွန်တော့်ရဲ့ လုံချည်ကို ဆွဲချွတ်ပြီး ကျွန်တော့် လိင်အင်္ဂါအောက်မှာ ဖယောင်းတိုင် တစ်တိုင်ကို ထားလိုက်ပါတယ် [မီးညှိလိုက်ပါတယ်]။ [BGP အရာရှိတစ်ဦးက] ဖယောင်းတိုင်ကို ကိုင်ထားပြီး၊ [သူ့ရဲ့ အထက်လူကြီး ကတော့] အမိန့်တွေ ပေးနေခဲ့ပါ တယ်… သူတို့က 'အမှန်ကို ပြောရင်ပြော၊ မပြောရင် သေမယ်' လို့ ပြောနေခဲ့ကြတယ်။"*

အခြေအနေအများစုအား ကြည့်မည်ဆိုလျှင် လုံခြုံရေးတပ်များထံသို့ လာဘ်ကြေး အမြောက်အများ ပေးနိုင်ခဲ့သူများသာလျှင် လွတ်မြောက်လာခဲ့ကြပြီး၊ ဆင်းရဲသည့်မိသားစုများမှ လူများမှာမူ ကာလကြာရှည်စွာ ထိန်းသိမ်းခံရနိုင်ခြေ နှင့် ဆက်လက် ညှဉ်းပန်း နှိပ်စက်ခံရနိုင်ခြေ ပိုမိုများပြားကြောင်း တွေ့ရှိရပေသည်။ ၎င်းတို့၏ လွတ်မြောက်မှုအား သေချာစေရန်အတွက် ထိန်းသိမ်းခံထားရ သူများသည် ၎င်းတို့ မည်သည့်အခါကမျှ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်း မရှိကြောင်း ထွက်ဆိုထားသည့် စာရွက်စာတမ်းများအား လက်မှတ် ရေးထိုးရန် စေခိုင်းခံခဲ့ရသည်။ ၂၀၁၈ ခုနှစ်၊ ဖွန်လအထိမူ မြန်မာအာဏာပိုင်များသည် ထိန်းသိမ်းခံရသူများ မည်မျှကျန်ရှိသေးကြောင်း၊ ၎င်းတို့အား မည်သည့်နေရာတွင် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း၊ ၎င်းတို့အား မည်သည့်ပုဒ်မ သို့မဟုတ် မည်သည့်အမှုဖြင့် ဖမ်းဆီးထားကြောင်း အစရှိသည့် အချက်အလက်များအား ထောက်ပံ့ပေးရန် လိုအပ်နေဆဲ ဖြစ်သည်။ ဤထိန်းသိမ်းမှုများအား နိုင်ငံတကာ ဥပဒေအရကြည့်မည်ဆိုလျှင် အတင်းအကြပ် အင်အားသုံး၍ ဖမ်းဆီးထိန်းသိမ်းမှုပင် ဖြစ်လေသည်။

၎င်းတို့ဘက်တွင် ARSA သည် ၎င်း၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ တိုက်ခိုက်မှုများ နှင့် အကြမ်းဖက်သော တပ်မတော်၏ တုံ့ပြန်မှုများ အပြီး လပေါင်း များစွာအကြာတွင် အုပ်စုပြန်လည်ဖွဲ့ ပြီးဖြစ်ပုံရသည်။ ၎င်းတို့၏ လှုပ်ရှားမှုများ အသေးစိတ်အား တိတ်တဆိတ် ထိန်းသိမ်းထားနိုင်ရန် အတွက် ၂၀၁၆ နှောင်းပိုင်းလောက်မှစတင်၍ အုပ်စုအဖွဲ့ဝင်များသည် ARSA နှင့် ပတ်သက်သည့် အချက်အလက်များအား မြန်မာ အာဏာပိုင်များထံသို့ ထောက်ပံ့ပေး နေသည်ဟု သံသယရှိသော ရိုဟင်ဂျာ အမျိုးသားများအား ဖမ်းဆီးခြင်း သို့မဟုတ် ဥပဒေမဲ့ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ Amnesty International သည် ၎င်းသတ်ဖြတ်မှု သို့မဟုတ် ဖမ်းဆီးခေါ်ဆောင်ခံရမှု ဖြစ်စဉ် ၁၁ ခုအား စာရွက်စာတမ်းပြုစုထားနိုင်ခဲ့သည်။ ၎င်းဖြစ်စဉ်များ အားလုံး နီးပါးတွင် သားကောင်များမှာ အာဏာပိုင်များနှင့် နီးစပ်သည်ဟု သိရှိထားကြသော ရိုဟင်ဂျာ ကျေးရွာသူကြီးများဖြစ်နေခဲ့ကြပြီး၊ ၎င်း သားကောင်များသည် ပုံမှန်အားဖြင့် ဓားထိုးသတ်ဖြတ်ခံရသည်၊ သို့မဟုတ် ဖမ်းဆီးခေါ်ဆောင်သွားခံရပြီး မည်သည့်အခါမျှ ထပ်မံ မြင်တွေ့ ကြားသိရတော့ခြင်း မရှိကြောင်း သိရှိရပေသည်။

ဤသို့ပစ်မှတ်ထား သတ်ဖြတ်မှုများသည် ရိုဟင်ဂျာအသိုင်းအဝိုင်းအား မြန်မာအာဏာပိုင်များဖြင့် ပူးပေါင်းမှုကို ရပ်တန့်သွားစေရန် နှင့် အခြားသော တိုင်းရင်းသား၊ ဘာသာရေး အသိုင်းအဝိုင်းများတို့ဖြင့် အပြန်အလှန်ဆက်ဆံမှုကို လျော့ကျသွားစေရန်—စင်စစ် ၎င်း အပြန်အလှန် ဆက်ဆံရေးသည် ရခိုင်ပြည်နယ်ရှိ ပိုင်းခြားထားမှု၊ ခွဲခြားဆက်ဆံမှု စနစ်ကြောင့် အကန့်အသတ်ရှိထားပြီး ဖြစ်သည် အတွက် ARSA ၏ အားထုတ်ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်း ဖြစ်ပုံရပေသည်

တစ်ချိန်တည်းတွင်ပင် တိုင်းရင်းသား ရခိုင်၊ မြို နှင့် ဒိန်းနက် ရွာသားများသည် ပက်တန်ပုံစံတစ်ခုဖြင့် အံဝင်ခွင်ကျသော ဖြစ်စဉ်များ တစ်လျှောက် သတ်ဖြတ်ခံခဲ့ရသည် သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြပေသည် - ရွာသားများသည် အစားအသောက် ရှာဖွေရန် အတွက် တောတောင်ထဲသို့ သွားရောက်ရာ မည်သည့်အခါမျှ ပြန်လာခြင်း မရှိတော့ပေ။ အချို့သော အခြေအနေများတွင်မူ ၎င်းတို့၏ ခန္ဓာကိုယ်များအား ဓါးဒဏ်ရာများစွာဖြင့် နောက်ပိုင်းမှ ရှာဖွေတွေ့ ရှိခဲ့ကြသည်။ Amnesty International မှ စာရွက်စာတမ်း ပြုစုထားသည့် ဖြစ်စဉ် များအား ကြည့်ရှုလျှင် ထွက်ပြေးလွတ်မြောက် လာခဲ့ကြသူ တစ်ဦး၊ နှစ်ဦး၏ ပြောကြားချက်အရ ၎င်းတို့အား တိုက်ခိုက်သူများမှာ ရိုဟင်ဂျာဘာသာစကားအား ပြောကြားသူများဖြစ်ကြောင်း၊ ရှင်သန် လွတ်မြောက်လာသူများ၏ ရှင်းလင်းဖော်ပြချက်အရ ရိက္ခာများရှိသည့် "စခန်း" တစ်ခုဟု ယူဆရသော နေရာအား မြင်တွေ့ မိကြောင်း သိရှိရပေသည်။ ဖြစ်စဉ် များတွင်မူ ရှင်သန်လွတ်မြောက်လာသူများ မရှိခဲ့ပေ၊ သို့သော် ရှာဖွေသူအဖွဲ့များတွင် ပါဝင်သူများ၏ ပြောကြားချက် နှင့် မြန်မာ အာဏာပိုင်များ၏ ပြောဆိုချက်အရ ARSA "စခန်းများ" တွေ့ ရှိခဲ့ပုံရလေသည်။ Amnesty International အနေနှင့်မူ အဆိုပါ သော ဖြစ်စဉ်တစ်ခုစီသည် ARSA ဖြင့် ဆက်နွယ်ချိတ်ဆက်မှု ရှိ၊ မရှိ ဆုံးဖြတ်နိုင်ခြင်း မရှိသေးသော်လည်း အခြေအနေအများစုအပေါ် ခြုံငုံသုံးသပ်ချက်အရ ရွာသားများသည် ၎င်းအုပ်စုဝင်များ ဖြင့် ရင်ဆိုင်မိရာမှ သတ်ဖြတ်ခြင်း ခံခဲ့ရပုံ ရလေသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ရက် မတိုင်မီ ရက်များအတွင်း မြန်မာ့စစ်တပ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ၎င်း၏နေရာသို့ ခြေလျင်တပ် (LID) အမှတ် ၃၃ နှင့် ၉၉ တို့မှ တပ်ရင်းများအား ခေါ်ဆောင်လာခဲ့ပြီး အင်အားဖြည့်တင်းခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဖွန်လတွင် Amnesty International ၏ တွေ့ ရှိချက်အရ ဤအဆိုပါသောတပ်ရင်းတစ်ခုစီသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် အလယ်အကြား ရှမ်းပြည်နယ် မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ပြည်တွင်းပဋိပက္ခများ အတွင်း တွင် မြန်မာ့တပ်မတော်၏ စစ်ဆင်ရေး တစ်စိတ်တစ်ပိုင်း အနေအဖြစ် စစ်ပွဲ တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့ကြောင်း သက်သေအထောက်အထားအား ရရှိခဲ့သည်။ တစ်ဖက်လက်နက်ကိုင်အုပ်စုဖြင့် တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားပြီးဖြစ်သည့်အပြင် လက်နက်ကိုင်အုပ်စုအား ပံ့ပိုးသည်ဟု ၎င်းတို့ ယူဆသော လူနည်းစု တိုင်းရင်းသားများအပေါ် အပြစ်ပေးလေ့ရှိကြောင်း မှတ်တမ်းရှိထားသည့် ဤတပ်စုများအား တပ်ဖြန့်ချထားခြင်းသည် စင်စစ် ပိုမို အကြမ်းဖက်သော နည်းဗျူဟာ တစ်ခုသို့ ပြောင်းလဲမည်ဖြစ်ကြောင်း အချက်ပြခြင်းပင်ဖြစ်ပြီး၊ မြန်မာ့ တပ်မတော်၏ ဆယ်စုနှစ်ပေါင်းများစွာအကြာ သက်တမ်း အရ ဤလုံခြုံရေးစစ်ဆင်မှုများ အတောအတွင်း ကျေးရွာများ နှင့် တိုင်းရင်းသားအုပ်စုများသည် ရန်သူများအဖြစ် သတ်မှတ်ခံရနိုင်ပေသည်။ ရိုဟင်ဂျာများအပေါ်သို့ အာဏာပိုင်များ၏ အထူး မလိုမုန်းထားမှုများကြောင့်လည်း အားလုံး အန္တရာယ်ရှိနိုင် ကြောင်း ယူဆစေခြင်း ဖြစ်သည်။

အချို့သော ရိုဟင်ဂျာကျေးရွာများတွင် အကြမ်းဖက် ခြိမ်းခြောက်မှုများအား ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ရက်နေ့ ခန့် တွင် LID အမှတ် ၃၃ မှ တပ်မှူး နှင့် ရသေ့တောင်မြို့နယ်အနီးရှိ ကျေးရွာများမှ ရိုဟင်ဂျာ ခေါင်းဆောင်များတို့သည် ချွတ်ပြင်တွင် တွေ့ဆုံခဲ့ကြသည်။ ၎င်းစည်းဝေးပွဲတွင် ရှိနေခဲ့သည့် လူ ၇ဦးအား နောက်ပိုင်းတွင် Amnesty International မှ သီးခြားစီ အင်တာဗျူး မေးမြန်းမှုအရ ၎င်းတပ်မှူးသည် အဆိုပါနေရာ၌ ARSA လှုပ်ရှားမှုများ ရှိ၊မရှိ၊ မိမိတို့သည် "အမှားအယွင်း" တစ်ခုခု ပြုလုပ်ထားခြင်း ရှိ၊မရှိ ၊ ထို့ပြင် ၎င်း၏ စစ်သားများသည် ရိုဟင်ဂျာများအား ARSA အဖွဲ့ဝင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ခွဲခြားခြင်းများ မပြုဘဲ တိုက်ရိုက် ပစ်ခတ်မည်ဖြစ်ကြောင်း အစရှိသဖြင့် ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရသည်။ ထိုနည်းတူပင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ နှောင်းပိုင်းတွင် Amnesty International က ရရှိခဲ့သော စစ်မှန်သည်ဟုယုံကြည်ရသည့် အသံမှတ်တမ်းတစ်ခုအတွင်းတွင် အင်းဒင်ရှိ ရိုဟင်ဂျာ အရပ်သားတစ်ဦးနှင့် ၎င်းဒေသတွင် အခြေစိုက်ထားသည့် မြန်မာတပ်မတော် အရာရှိတစ်ဦးတို့အကြား တယ်လီဖုန်း ခေါ်ဆိုမှုအား အသံသွင်းထားသည်။ ၎င်းအသံမှတ်တမ်းအတွင်းတွင် အရာရှိဖြစ်သူမှ မြန်မာဘာသာစကားဖြင့် ပြောကြားသည်မှာ - *"မင်းတို့ သိလား၊ အကယ်လို့ အနှောင့်အယှက်တစ်ခုခု တွေ့ တယ်ဆိုရင် တစ်ရွာလုံးကို မီးရှို့ပစ်ဖို့ ငါတို့ အမိန့်ရထားပြီးပြီ။ အခုစစ်ဆင်ရေးစပြီးပြီ… အကယ်၍ မင်းတို့ ဘာအသံမှ မလုပ်ရင် မင်းတို့အတွက် ပြဿနာမရှိဘူး။ မဟုတ်ရင်တော့ အားလုံး ဒုက္ခရောက်မယ်။" ဟူ၍* ဖြစ်သည်။



AMNESTY INTERNATIONAL

**အကြမ်းဖက်မှု လှုပ်ရှားမှုတိုက်ပွဲစဉ်**

ဩဂုတ်လ ၂၅ရက်နေ့ ARSA ၏ တိုက်ခိုက်မှုများအပြီးတွင်မူ စစ်တပ်၏ ခြိမ်းခြောက်မှုများသည် ချက်ချင်းဆိုသလို လက်တွေ့ ဖြစ်လာခဲ့ သည်။ ARSA ၏ အဓိက လှုပ်ရှားမှုများ ရှိသည်ဟုယူဆရသော နေရာများအနီးမှ အချို့သော ကျေးရွာများတွင် မြန်မာ့တပ်မတော်သည် အထူးပင် ပြင်းထန်သော ပြစ်ဒဏ်ပေးမှုများအား ပြုလုပ်ခဲ့သည်၊ ရိုဟင်ဂျာ ရွာသူရွာသားများအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး၊ ရိုဟင်ဂျာ အမျိုးသမီးများ နှင့် မိန်းကလေးများအပေါ် မုဒိန်းပြုကျင့်ခြင်း နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည်။

ဩဂုတ်လ ၂၇ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် မောင်နကျေးရွာရှိ ခြေလျင်တပ် (LIB) အမှတ် ၅၆၄ မှ စစ်သားများသည် အနောက်ပိုင်း စခန်းဌာနချုပ်လက်အောက်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဌာနချုပ် ရုံးစိုက်ထားသော စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (MOC) အမှတ် ၁၅ ဟု သိရှိထားသည့် တိုက်ပွဲဌာနခွဲမှ ညွှန်ကြားမှုနှင့်အတူ ကျေးရွာမှ ရိုဟင်ဂျာများအား ဝန်းရံခဲ့ကြပြီး၊ ၎င်းတို့အား ကျေးရွာ၏ အထင်ရှားဆုံးသော ရိုဟင်ဂျာ ရပ်ရွာအဖွဲ့ဝင်များအချို့မှ ပိုင်ဆိုင်သည့် ကြီးမားသော ခြံဝင်းတစ်ခုအတွင်းသို့ခေါ်ဆောင်လာ ခဲ့ကြသည်။ ထို့နောက် ကျန်ရှိသည့်အုပ်စုမှ အမျိုးသားများ နှင့် အသက်အနည်းငယ်ကြီးသော ယောကျ်ားလေးများအား သီးသန့် ခွဲခြားကာ ဝင်းထဲသို့ ခေါ်ဆောင်လာခဲ့ပြီး အကျဉ်းချုပ်ဆိုရလျှင် ၎င်းတို့အား ဥပဒေမဲ့ သတ်ဖြတ်ခဲ့ကြသည်— အချို့ကို အနီးကပ်မှ နေ၍ သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး၊ အချို့ကိုမူ ဓါးဖြင့် သတ်ဖြတ်ခဲ့ကြသည်။ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များကိုမူ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပြုလုပ်ခဲ့ကြပြီး၊ အထူးသဖြင့် စစ်သားများသည် ငွေကြေး၊ ရွှေ နှင့် အခြားသော အဖိုးတန်ပစ္စည်းများအား လုယူရန် ရှာဖွေချိန်တွင် ၎င်းတို့၏ ခန္ဓာကိုယ်များပေါ်တွင် ရှာဖွေ၍ အရှက်ရစေခဲ့သည်။

ထိုနေ့တွင်ပင် ရသေ့တောင်မြို့နယ်၊ ချွတ်ပြင်ကျေးရွာ၏ တိုင်းရင်းသား ရခိုင်များဘက်ခြမ်းတွင် နေထိုင်လျက်ရှိသော LID အမှတ် ၃၃ မှ စစ်သားများသည် နေ့ခင်း ၂ နာရီခန့်လောက်တွင် မြောက်ဘက်မှ တောင်ဘက် ရိုဟင်ဂျာဧရိယာသို့ ဝင်ရောက်လာခဲ့ကြသည်။ BGP အရာရှိများနှင့်အတူ ၎င်းတို့သည် နေအိမ်များမှ အမျိုးသားများ နှင့် အသက်အနည်းငယ်ကြီးသော ယောကျ်ားလေးများအား ဆွဲထုတ် ကာ အချို့အား နေရာတွင်ပင် ဥပဒေမဲ့ သတ်ဖြတ်၍ ဒါဇင်နှင့်ချီသောသူများကိုမူ ဆွဲထုတ်ခေါ်ဆောင်သွားရာ ထိုအချိန်ကတည်းက မည်သည့်အခါမျှ ထပ်မံ မြင်တွေ့ ရခြင်း၊ ကြားသိရခြင်း မရှိတော့သဖြင့် သေဆုံးကြပြီဟု ယူဆရပေသည်။ စစ်သားများသည် အမျိုးသမီးများလည်း ဖမ်းဆီးကာ ယာယီစစ်စခန်းအဖြစ် အသုံးပြုလျက်ရှိသော ဒေသခံ ကျောင်းအဆောက်အအုံထဲသို့ ခေါ်ဆောင်လာခဲ့ကြသည်။ ၎င်းအဆောက်အအုံအတွင်းတွင် စစ်သားများသည် အမျိုးသမီးများအပေါ် အုပ်စုလိုက် အလှည့်ကျ မုဒိန်းပြုကျင့်ခဲ့သည်။

အသက် ၂၅ နှစ် ဝန်းကျင်ရှိသော Q.P သည် စစ်သားများ၏ စာသင်ကျောင်းသို့ခေါ်ဆောင်သွားမှုကို ခံရပြီး မုဒိန်းပြုကျင့်ခံရသော အမျိုးသမီးများထဲမှ တစ်ဦး ဖြစ်ပေသည်။ Amnesty International သို့ သူမ၏ ပြောကြားချက်အရမူ နောက်ပိုင်း အဆောက်အအုံထဲမှ သူမ ထွက်လာချိန်တွင် - "*ကျောင်းရှေ့ မှာ ရုပ်အလောင်းတွေ အများကြီးကို ကျွန်မ မြင်ရတယ်။ အချို့ကို ပစ်သတ်ထားပြီး၊ အချို့ကတော့ ဓားဒဏ်ရာနဲ့။ ရုပ်အလောင်းတွေအားလုံးကို [သူတို့ရဲ့ လက်တွေကြိုးနဲ့တုပ်ပြီး] စုချည်ထားတယ်။ မြေပြင် ဘယ်နေရာမှာမဆို ကျည်ဆံတွေပဲ တွေ့ရတယ်... သွေးတွေလည်း အများကြီးပဲ။ ခန္ဓာကိုယ်ရုပ်အလောင်းတွေက လယ်ကွင်းထဲက ကျောက်တုံးတွေလိုပဲ။ ငါတော့ နေမကောင်းဖြစ်တော့မှာပဲလို့ တွေးမိလိုက်တယ်၊ ကျွန်မရဲ့ မျက်ရည်တွေကိုသာ ရပ်တန့်ထားနိုင်ခဲ့တယ်။*"

ရိုဟင်ဂျာများသည် ချွတ်ပြင် တိုက်ခိုက်မှုမှ ထွက်ပြေးလာခဲ့ကြရာ လုံခြုံရေးတပ်များသည် အတူတကွ ထွက်ပြေးနေလျက်ရှိသော မိသားစုများအပေါ် သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။ ကလေးများသည် ၎င်းတို့၏ မိဘများ နှင့် မောင်နှမများ ၎င်းတို့ရှေ့တွင်ပင် ပစ်ခတ်၊ သတ်ဖြတ်ခံရသည်ကို တွေ့မြင်ခဲ့ ရကြောင်း ဖော်ပြခဲ့သည်။ အသက် ၂၁ နှစ်အရွယ်ရှိသော E.Z သည် သူမ၏ ၂ နှစ်ခွဲအရွယ် သားငယ်အား ဖမ်းဆုပ်ထားလျက်ရှိရာမှပင် ကျည်ဆံသည် သူမ၏ သားငယ် ဝမ်းဗိုက်ပေါ်မှ ရုပ်ပြေး၍ သူမ၏ လက်အား ထိမှန်ခဲ့သည်၊ သားငယ်လေးမှာမူ နောက်ပိုင်း၌ ၎င်းနေ့တွင်ပင် သေဆုံးသွားခဲ့ရှာသည်။ ချွတ်ပြင်မှ ဒါဇင်နှင့်ချီသော ရိုဟင်ဂျာများသည် အနီးနား ကျေးရွာများသို့ သေနတ်ဒဏ်ရာများဖြင့် ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့အနေနှင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသွားရန် လိုအပ်သည်ဖြစ်ရာ အချို့သောသူများသည် မိမိတို့၏ ဒဏ်ရာများကို ရက်သတ္တပတ်ကျော်လွန်သွားသည့်တိုင် ကုသနိုင်ခြင်း မရှိသေးပေ။ ဩဂုတ်လ ၂၇ ရက်နေ့တွင် စုစုပေါင်း ရိုဟင်ဂျာ ၂၀၀ ကျော်လောက်သည် ချွတ်ပြင်၌ သတ်ဖြတ် ခံခဲ့ရလေသည်။

၃ ရက်ကြာပြီးနောက် ဩဂုတ်လ ၃၀ ရက်နေ့တွင် LID အမှတ် ၉၉ မှ စစ်သားများသည် မောင်းတောမြို့နယ် မင်းကြီးကျေးရွာမှ ရိုဟင်ဂျာ အမျိုးသမီး၊ အမျိုးသား နှင့် ကလေးငယ်များအား အနီးနား မြစ်ကမ်းတစ်လျှောက် ဦးဆောင်ခေါ်ချလာခဲ့သည်။ ထို့နောက် စစ်သားများသည် အမျိုးသားများနှင့် အသက်အနည်းငယ် ပိုကြီးသော ယောကျ်ားလေးများအား အမျိုးသမီးများနှင့် ငယ်ရွယ်သော ကလေးများအုပ်စုထဲမှ သီးခြားဆွဲထုတ်ခဲ့ပြီး၊ အမျိုးသားများအား လှဲချရန် သို့မဟုတ် ဆောင့်ကြောင့်ထိုင်ရန် အတင်းအကျပ်ဆောင်ရွက်ခဲ့သည်၊ ထို့နောက် အကျဉ်းချုပ်ဆိုရလျှင် ၎င်းတို့အား ဥပဒေမဲ့ ပစ်ခတ်၊ သတ်ဖြတ်ခဲ့ကြပေသည်။ ထိုနေ့နောင်းပိုင်းတွင် စစ်သားများသည် ဖမ်းဆီးခံထားရသည့် အမျိုးသမီးများ နှင့် ကလေးငယ်များအုပ်စုအား ကျေးရွာ၏ ရိုဟင်ဂျာဧရိယာ နေအိမ်များသို့ ခေါ်ဆောင်လာခဲ့ပြီး၊ ၎င်း၌ အမျိုးသမီးများ နှင့် မိန်းကလေးများအား မုဒိန်းပြုကျင့်ကာ ငယ်ရွယ်သောကလေးများအား အချို့ကိုမူ သေဆုံးသွားသည်အထိ ရိုက်နှက်၊ ထိုးကြိတ်ခဲ့ကြသည်။ ထို့နောက် စစ်သားများသည် နေအိမ်ထဲတွင် လူများကျန်ရှိနေလျက်ဖြင့်ပင် အိမ်များအား မီးရှို့ ခဲ့ကြသည်။ အချို့သော အမျိုးသမီးများ နှင့် ကလေးများသည် လောင်ကျွမ်းနေသောနေအိမ်များ၏ ဝါးထရံများအား ချိုးဖျက်၍ လွတ်မြောက်လာနိုင်ခဲ့ကြရာ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသည့် ခရီးစဉ်၌ လိုက်ပါလာနိုင်ခဲ့ပြီး၊ ၎င်းတို့၏ ပြင်းထန်သော လောင်ကျွမ်း ဒဏ်ရာများ နှင့် အခြားသော ထိခိုက်ဒဏ်ရာများအတွက် ကုသမှု ရယူနိုင်ခဲ့သည်။ ချွတ်ပြင်မှာကဲ့သို့ပင် မင်းကြီး၌လည်း ရိုဟင်ဂျာ ၂၀၀ ကျော်ခန့် သတ်ဖြတ်ခံခဲ့ရပေသည်။ ဤသို့ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခံရမှု သတင်းများသည် အနီးဝန်းကျင်ရှိ ရိုဟင်ဂျာကျေးရွာများအကြား ပျံ့ နှံ့သွားခဲ့ရာ လူတော်တော်များများသည် ဤသို့ခံစားရမည်ကို ကြောက်ရွံ့သဖြင့် ထွက်ပြေးလာခဲ့ကြသည်။

ဤအစုအလိုက် အပြုံလိုက် သတ်ဖြတ်မှု သုံးခုသည် ၎င်းတို့၏အတိုင်းအတာအရကြည့်လျှင် တမူထူးခြားသည်ဟု ယူဆနိုင်သော်လည်း စင်စစ် ဤသည်မှာ မြန်မာ့လုံခြုံရေးတပ်များ၏ တရားမဝင် သတ်ဖြတ်မှုများထဲမှ ကျေးရွာများအချို့ မျှသာလျှင် ဖြစ်သည်။ စင်စစ်တွင်မူ ကြီးမားကျယ်ပြန့်သော ပထဝီဧရိယာတစ်ဝှမ်း အမျိုးမျိုးသော စစ်ဘက်ဆိုင်ရာယူနစ်များသည် ရက်ပေါင်း များစွာကြာ အချိန်တစ်ခုအတွင်း သေစေနိုင်လောက်သော အကြမ်းဖက်မှုများအား အလွန် အလားတူသော နည်းလမ်းများဖြင့် မကြာခဏ ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။ စစ်သားများ နှင့် BGP တို့သည် ကျေးရွာတစ်ခုအတွင်းသို့ ဦးတည်ဘက်တစ်ခြမ်း သို့မဟုတ် နှစ်ခြမ်းခွဲ၍ ဝင်ရောက်လာမည်ဖြစ်သည်၊ လူများ ထွက်ပြေးသည့်အခါတွင် သေနတ်ဖြင့် ပစ်သတ်ပေမည်၊ ထို့နောက် ရိုဟင်ဂျာဧရိယာအား စနစ်တကျ မီးရှို့ ပြာချပစ်မည်ဖြစ်သည် —တစ်ခါတစ်ရံတွင် ဤသို့မီးရှို့သည့်အခါတွင် သက်ကြီးများ နှင့် မသန်စွမ်းသူများ ကဲ့သို့ ထွက်ပြေးနိုင်ခြင်း မရှိသူများ အိမ်ထဲတွင် ကျန်ရှိနေလျက်ပင် မီးရှို့ဖျက်ဆီးခဲ့ကြလေသည်။ Amnesty International အနေနှင့် အဆိုပါ ကျေးရွာများလေးခုအား အသေးစိတ် အာရုံပြုဆောင်ရွက်ခဲ့သည်—ရသေ့တောင်မြို့နယ်ရှိ ချိန်ခါးလိန် နှင့် ကိုးတန်ကောက်၊ မောင်းတောမြို့နယ်ရှိ အင်းဒင် နှင့် ဘူးသီးတောင်မြို့နယ်ရှိ ဂူဒါပြင်—သို့သော်လည်း အခြားသောကျေးရွာများမှ ဒါဇင်နှင့်ချီသောသူများ၏ ထွက်ဆိုချက်များအရ များစွာသော ရိုဟင်ဂျာများ ဥပဒေမဲ့သတ်ဖြတ်ခံရသည့် အလားတူသော တိုက်ခိုက်မှုများ ရှိသေးကြောင်း သိရှိရပေသည်။ စုစုပေါင်း ထောင်နှင့်ချီသော ရိုဟင်ဂျာ အမျိုးသမီးများ၊ အမျိုးသားများ နှင့် ကလေးများသည် သတ်ဖြတ်ခံ ခဲ့ရပေသည်။

မုဒိန်းကျင့်မှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြပေသည်။ ဘင်္ဂလားဒေ့ရှ်ရှိ ဆေးဘက်ဆိုင်ရာ ထောက်ပံ့သူများက ၎င်းတို့သည် မြန်မာနိုင်ငံ၌ မုဒိန်းကျင့်ခံရသော ရာနှင့်ချီသည့် အမျိုးသမီးများကို ကုသပေးခဲ့ရကြောင်း အစီရင်ခံခဲ့သည်။ လူမှုရေး အရှက်သိက္ခာ နှင့် မုဒိန်းကျင့်ခံရမှုကြောင့် အရှက်ရမှုများအား ထည့်တွက်ပြီး၊ အချို့သော မုဒိန်းကျင့်မှု၏ သားကောင်များ သတ်ဖြတ်ခံရသည်ကိုပါ ထည့်တွက်မည်ဆိုလျှင် ဤပမာဏသည် အမှန်တကယ် လက်တွေ့ ပမာဏ၏ အပေါ်ယံမျှလောက်သာလျှင် ကိုယ်စားပြုနိုင်မည်ဟု ယူဆရသည်။ Amnesty International သည် မုဒိန်းကျင့်ခံရမှုမှ ထွက်ပြေး လွတ်မြောက်လာနိုင်ခဲ့သူ အမျိုးသမီး နှင့် မိန်းကလေးများ အယောက် ၂၀ အား အင်တာဗျူးမေးမြန်းခဲ့သည်။ ၎င်းတို့ထဲမှ ထက်ဝက်ခန့်သည် နှစ်ဦး သို့မဟုတ် အထက်၏ အုပ်စုလိုက် မုဒိန်းကျင့်မှုအား ခံခဲ့ရသည်။ တစ်ချိန်တည်းတွင်ပင် အများစုသည် အခြားသောအမျိုးသမီးများ မုဒိန်းပြုကျင့်ခံရသည်ကို မျက်မြင်တွေ့ ခဲ့ရသည်။ ခန္ဓာကိုယ်ပေါ်တွင် ရှာဖွေ၍ အရှက်ရစေခြင်း အပါအဝင် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ လွတ်မြောက်လာသူ ကိုးဦးအား Amnesty International မှ အင်တာဗျူးမေးမြန်းခဲ့ပြီး၊ မျက်မြင်သက်သေများဖြင့် အင်တာဗျူး မေးမြန်းမှုမှ တစ်ဆင့် နောက်ထပ်မုဒိန်းမှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ စာရွက်စာတမ်း ပြုစုနိုင်ခဲ့သည်။ Amnesty International သည် ရခိုင်ပြည်နယ်မြောက်ပိုင်း၏ မြို့နယ်သုံးခုစလုံးမှ နေရာ စုစုပေါင်း ၁၆ နေရာတွင် အမျိုးသမီးများ နှင့် မိန်းကလေးများအပေါ် မုဒိန်းမှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခဲ့ကြောင်း စာရွက်စာတမ်းပြုစုနိုင်ခဲ့ရာ ဤအကျင့်သည့် ပျံ့ နှံ့စွာ ကျင့်သုံးနေလျက်ရှိကြောင်း ညွှန်ပြနေပေသည်။

အမျိုးသမီးများ နှင့် မိန်းကလေးများ အများစုသည် အခြေအနေ သုံးမျိုးထဲမှ တစ်ခုသောအခြေအနေတွင် မုဒိန်းပြုကျင့်ခံရသည်။ ပထမဆုံးအနေနှင့် ၎င်းတို့၏ကျေးရွာအား စစ်တပ်မှတိုက်ခိုက်မှုအတောအတွင်းတွင် သို့မဟုတ် ၎င်းနောက် ချက်ချင်းဆိုသလို အခြေအနေတွင် အမျိုးသမီးများ နှင့် မိန်းကလေးများသည် မုဒိန်းကျင့်ခံရပေသည်၊ ဉပမာအားဖြင့် ချွတ်ပြင် နှင့် မင်းကြီးရှိ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ အတောအတွင်းကဲ့သို့ အခြေအနေများတွင် ဖြစ်သည်။ ဤဖြစ်ရပ်များအား ကြည့်မည်ဆိုလျှင် စစ်သားများသည် မကြာခဏ အမျိုးသမီးများ နှင့် မိန်းကလေးများအား နောက်ထပ် နေရာတစ်ခုသို့—အိမ်အလွတ်များ၊ လယ်ကွင်းများ၊ ကျောင်းများ နှင့် တစ်ခုသော အခြေအနေတွင်မူ ဗလီထဲသို့—ခေါ်ဆောင်သွားပြီး၊ ၎င်းတို့အား စော်ကား ခဲ့ကြသည်၊ ရံဖန်ရံခါ အုပ်စုလိုက် အဓမ္မ ပြုကျင့်ခဲ့ကြသည်။ ဒုတိယအခြေအနေမှာ သံသယရှိသော ARSA အဖွဲ့ဝင်များအား ရှာဖွေခြင်း သို့မဟုတ် ရုတ်တရက် တိုက်ခိုက်ခြင်းကဲ့သို့ အခြေအနေများ အပါအဝင် ကျေးရွာများ၌ လုံခြုံရေးတပ်များ၏ လှုပ်ရှားမှုများ ပိုမို တင်းကြပ်လာသည့် ကာလ အတောအတွင်းဖြစ်သည်၊ အမျိုးသမီးများ နှင့် မိန်းကလေးများသည် ၎င်းတို့၏နေအိမ်၌ပင်  မုဒိန်းပြုကျင့် ခံရခြင်း ဖြစ်သည်။ တတိယအနေနှင့် အမျိုးသမီးများ နှင့် မိန်းကလေးများတို့သည် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ကြစဉ်တွင် အတင်း အဓမ္မ ပြုကျင့်ခံရမှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို ခံစားခဲ့ရခြင်း ဖြစ်သည်။

ဘူးသီးတောင်မြို့နယ် ဂူဒါပြင်ကျေးရွာစုမှ အသက် ၂၀အရွယ် C.R သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၇-၂၈ ရက်နေ့ ညဘက် စစ်သားများက ဝင်ရောက် တိုက်ခိုက်ချိန်တွင် အဓမ္မ ပြုကျင့်ခံရသော အမျိုးသမီးများအုပ်စုထဲမှ တစ်ဦးဖြစ်ပေသည်။ သူမက Amnesty Internatioanal သို့ ပြောပြသည်မှာ - *"စစ်သားနှစ်ယောက် ရောက်လာပြီး ကျွန်မရဲ့ လက်နဲ့ခြေတွေကို ကြိုးချည် လိုက်တယ်… သူတို့က ကျွန်မကို အခြား တစ်ဖက်ခြမ်းဆီ ဆွဲခေါ်သွားကြတယ်။ အဲ့ဒီနေရာက တောအုပ်ဧရိယာထဲက [အမျိုးသမီး] အဓိကအုပ်စုနဲ့ သိပ်မဝေးပါဘူး။ အဲ့ဒီထဲက လေးယောက်က ကျွန်မကို ခေါ်သွားပြီး၊ လေးယောက်စလုံး ကျွန်မကို အဓမ္မ  ပြုကျင့်ခဲ့တယ်။"*

မုဒိန်းမှုများအား ကျူးလွန်ရာတွင် မကြာခဏဆိုသလို အခြားသော အကြမ်းဖက်သည့်အပြုအမူများဖြင့် ပူးတွဲဆောင်ရွက်သည်ကို တွေ့ ရသည်၊ ခံစားရသူ သားကောင်အား နောက်ဆက်တွဲ နာကျင်၊ အရှက်ရစေပြီး လူသားမဆန်သည့် အကြမ်းဖက်မှု အပြုအမူများကို ကျင့်သုံးခဲ့ကြသည်။ လုံခြုံရေးတပ်များသည် အမျိုးသမီးများ နှင့် မိန်းကလေးများအား ရိုက်နှက်၊ မီးရှို့၊ ကန်ကျောက်၊ ကိုက်ဖြတ်မှုများ ပြုလုပ်ပြီး၊ ၎င်းတို့အား သေနတ်တေ့၍ ခြိမ်းခြောက်ခဲ့သည်။ အချို့သော အခြေအနေများတွင် ၎င်းကျူးလွန်သူများသည် တိုက်ခိုက်နေစဉ် တွင် အမျိုးသမီးများ၏ ကလေးများအား ရိုက်နှက်၊ ထိုးကြိတ်ခဲ့သည်။ အမျိုးသမီးများသည် ၎င်းတို့မှ မုဒိန်းပြုကျင့် မခံရမီ ခန္ဓာကိုယ်ရှာဖွေမှုများပြုလုပ်၍ အရှက်ခွဲခံရမှုအား မကြာခဏဆိုသလို ခံစားကြရပေသည်။ ရှင်သန် လွတ်မြောက်လာသူများ သည် ဤသို့သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် ၎င်းတို့၏ မိသားစုဝင်များ သတ်ဖြတ်ခံရခြင်း၊ ဆွေမျိုး ယောကျ်ားလေး များ ဖမ်းဆီးခံရပြီး အချို့အား လုံးဝ ပြန်မတွေ့ ရတော့ခြင်း အစရှိသည်တို့ကို မျက်မြင်ကြုံတွေ့ ရခြင်းကြောင့် ဆက်လက်၍ ညှဉ်းပန်း၊ နှိပ်စက်မှု ခံစားကြ ရပြန်သည်။

အများဆုံး တွေ့ ရှိရသည်မှာ မကြာခဏဆိုသလို အခြားသော တိုင်းရင်းသား အသိုင်းအဝိုင်းများမှ ဒေသခံ ရွာသားများဖြင့် တွဲဖက် အလုပ်လုပ်လေ့ရှိသော မြန်မာ့လုံခြုံရေးတပ်များသည် ရိုဟင်ဂျာ နေအိမ်များ၊ ဗလီများ နှင့် အခြားသော ဖွဲ့စည်းမှုများတို့အား တမင်တကာ ပစ်မှတ်ထား၍ စနစ်တကျ မီးရှို့ ဖျက်ဆီးခဲ့ခြင်းပင် ဖြစ်သည်။ စုစုပေါင်း ရာနှင့်ချီသော ကျေးရွာများသည် ကျေးရွာ တစ်ခုလုံးဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်စေ မီးရှို့ ဖျက်ဆီး ခံခဲ့ရပေသည်။ Amnesty International က ဂြိုလ်တု ရုပ်ပုံများအား လေ့လာဆန်းစစ်ချက်အရ ရိုဟင်ဂျာဧရိယာများအတွင်းရှိ တိုင်းရင်းသားများ ရောစပ်နေထိုင်သော အနည်းဆုံး ဒါဇင်နှင့်ချီသည့် ကျေးရွာများသည် ၎င်းတို့၏ဧရိယာတစ်ခုလုံး နှင့် အနီးနားဧရိယာများ ဖျက်ဆီးခံခဲ့ရပေသည်၊ သို့သော် အခြားသော တိုင်းရင်းသား အသိုင်းအဝိုင်းများ နေထိုင်ရာတွင်မူ မည်သည့်ထိခိုက်မှုမှ မရှိသည်ကို တွေ့ ရှိရပေမည်။ မီးရှို့ ဖျက်ဆီးမှု အများစုသည် မြန်မာနိုင်ငံ၏ မိုးရာသီတွင် အမြင့်ဆုံး ဖြစ်ပေါ်တတ်ပေသည်။ ဖွဲ့စည်းမှု အုပ်စုတစ်စုစီအား သီးခြား မီးရှို့ ရန်အတွက် စီမံကိန်း၊ ကြိုးပမ်းအားထုတ်မှု နှင့် ဆုံးဖြတ်ချက်တို့ လိုအပ်ပေသည်။ များစွာသော တိုင်းရင်းသား ရခိုင်ရွာသားများမှ Amnesty International သို့ ပြောကြားချက်အရ ၎င်းတို့အား အနီးနား ရိုဟင်ဂျာကျေးရွာများကို မီးရှို့ဖျက်ဆီးရန် စစ်သားများမှ စုစည်းခဲ့ကြောင်း သိရှိရသည်။

ထောင်နှင့်ချီသော ရိုဟင်ဂျာများသည် မြောက်ပိုင်း မောင်းတောမြို့နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ ခြေလျက်ထွက်ပြေးကြရာတွင် တောင်များ၊ လယ်ကွင်းများသည် နိုင်ငံ ၂ နိုင်ငံအကြား "သုညမှတ်" ဟု သိရှိထားသည့် ကျဉ်းမြောင်းသော လမ်းကြားလေးတစ်ခုဖြင့် ပိုင်းခြားထားရာ ဤသည်မှာ နောက်ထပ် အန္တရာယ် အခက်အခဲ တစ်ခုပင် ဖြစ်လေသည်၊ သော့ချက်ကျသည့် ထွက်ခွာရာ လမ်းကြောင်းများတစ်လျှောက်တွင် လူများအား ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် မြေမြှုပ်မိုင်းများ ချထားပေသည်။ ရှင်သန်လွတ်မြောက်လာသူများ နှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်၊ အတည်ပြုထားသည့် ဓာတ်ပုံများနှင့် Amnesty International ၏ လက်နက်ကျွမ်းကျင်သူများမှ လေ့လာဆန်းစစ်ချက် အစရှိသည်တို့အပေါ်တွင် အခြေခံချက်အရ မြန်မာစစ်တပ်သည် ထွက်ပြေးလာသည့် ရိုဟင်ဂျာများအား ထိခိုက်စေရန်၊ ထို့နောက် ကလေးများ အပါအဝင် ရိုဟင်ဂျာများအား သေဆုံး၊ ထိခိုက်ဒဏ်ရာ ရစေရန်အတွက် စီစဉ်ထားသည့်ပုံစံဖြင့် မြေမြှုပ်မိုင်းများအား တမင်တကာ ချထားခဲ့ခြင်းဖြစ်ကြောင်း သက်သေအထောက်အထားများမှ ညွှန်ပြနေပေသည်။ စစ်တပ်သည် PMN-1 အမျိုးအစားဟု သိရှိထားသည့် မြေမြှုပ်မိုင်းအား အသုံးပြုခြင်း ဖြစ်သည်၊ ၎င်းသည် အခြားသော လူကိုထိခိုက်စေသည့် မြေမြှုပ်မိုင်းများနှင့် နှိုင်းယှဉ်ပါလျှင် ပေါက်ကွဲမှု ပိုမို မြင့်မားပေသည်။ ဤသည်မှာ နယ်စပ်အနီး ခြေချမိသော ရိုဟင်ဂျာများအကြား သေဆုံးမှု နှင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်း များအား အထူး မြင့်တက်စေပေသည်။

**ဝတ်မွတ်မှု၊ မြေတူးစက်ဖြင့် တူးဆွခံရခြင်း နှင့် အသစ်သော ဖွဲ့စည်းတည်ဆောက်မှု**

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် စစ်တပ်မှ ၎င်း၏ "သုတ်သင်ရှင်းလင်းမှု စစ်ဆင်ရေးများ" အား အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန် ကြေငြာခဲ့သော်လည်း ဉပဒေမဲ့ သတ်ဖြတ်မှုများ၊ မုဒိန်းမှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကျေးရွာ မီးရှို့ ဖျက်ဆီးခံရခြင်းများတို့သည် ရက်သတ္တပတ်များစွာကြာအောင် ဆက်လက် ဖြစ်ပေါ်နေခဲ့ပေသည်။ ပြဿနာဖြစ်ပွားမှုအပြီး တစ်လလောက်အကြာတွင် သန်းတစ်ဝက်မျှသော

ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရန် အတင်းအကျပ်ဖိအားပေးခံခဲ့ရသည်။ သို့သော်လည်း အခြားသော ထောင်နှင့်ချီသည့် ရိုဟင်ဂျာများမှာမူ မြောက်ပိုင်း ရခိုင်ပြည်နယ်တွင် ဆက်လက်ကျန်ရှိပြီး၊ ၎င်းတို့၏ နေအိမ်၊ ၎င်းတို့၏မြေတွင် ဆက်လက် နေထိုင်၊ အလုပ်လုပ်ကိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

မြန်မာ့လုံခြုံရေးတပ်များ၏ တမင်တကာ ရည်ရွယ်ဆောင်ရွက်မှုများသည် ရိုဟင်ဂျာများအတွက် ဆက်လက် နေထိုင်ရန် မဖြစ်နိုင်ရန် ဖိအားပေးသလိုဖြစ်ပြီး၊ ဝတ်မွတ်ခေါင်းပါးလုဆဲ အခြေအနေသို့ တွန်းပို့ခံရပြီးသည့်နောက်တွင် ထွက်ပြေးသူများ ပိုမို များပြားလာခဲ့ပေသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာများသည် အထက်တွင် ဖော်ပြခဲ့သည့် အုပ်ချုပ်မှုအရ ချမှတ်ထားသည့် သွားလာခွင့် ကန့်သတ်ချက်များကြောင့် တောအုပ်များ၊ မြစ်များ၊ ဈေးများ နှင့် အခြားသော ကျေးရွာများကဲ့သို့သော နေထိုင်မှု နှင့် အစားအသောက် အရင်းအမြစ်များသို့ ဝင်ရောက်ရယူခွင့် အတားအဆီး၊ အကန့်အသတ်များရှိနေရာ ခုခံကာကွယ်နိုင်စွမ်းမဲ့ အားနည်းသော အနေအထားတစ်ခုတွင် ရှိနှင့်နေပြီးဖြစ်သည်။ ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်း လပေါင်းများစွာ အကြာတွင် လုံခြုံရေးတပ်များသည် ဤအခြေအနေအား ပိုမိုဆိုးရွားအောင် ဆောင်ရွက်ခဲ့လေသည်။

ပထမဆုံးအနေနှင့် ရိုဟင်ဂျာကျေးရွာများအပေါ် တိုက်ခိုက်မှုများ ဆောင်ရွက်နေစဉ်နှင့် တိုက်ခိုက်မှုများအပြီးတွင် လုံခြုံရေးတပ်များသည် ရိုဟင်ဂျာများ၏ အဓိကကျသော အစားအသောက် နှင့် ကြွယ်ဝချမ်းသာမှု အရင်းအမြစ်များ၊ စားနပ်ရိက္ခာများအား အမြောက်အများ ခိုးယူမှုတွင် မကြာခဏပါဝင် ဆောင်ရွက်ခဲ့သည်။ ဒုတိယအနေနှင့် ပြဿနာ အခြေအနေပြီးနောက် ပထမဆုံးလတွင် နိုင်ငံတော်၏ အရပ်သား အာဏာပိုင်များနှင့်အတူ လက်တွဲ၍ တပ်မတော်သည် မြောက်ပိုင်း ရခိုင်ပြည်နယ်သို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက်ခွင့်များအား ပိတ်ပင်ခဲ့လေသည်၊ ထို့နောက်ပိုင်းတွင်လည်း ၎င်းဝင်ရောက်ခွင့်အား ဆက်လက်၍ ပြင်းထန်စွာ ကန့်သတ်ထားလေရာ အကူအညီများ အသည်းအသန် လိုအပ်နေသည့် လူမှုအသိုင်းအဝိုင်းများထံသို့ အစားအသောက် နှင့် အခြားသော ထောက်ပံ့မှုများ ပြုလုပ်ပေးရန် လူသားချင်း စာနာထောက်ထားမှုအဖွဲ့အစည်းများ၏ အားထုတ်မှုအား အကျိုးထိရောက်မှု လျော့နည်းစေခဲ့လေသည်။

တတိယအနေနှင့် လုံခြုံရေးတပ်များသည် ရိုဟင်ဂျာဈေး များအား မီးရှို့ ဖျက်ဆီးခဲ့ပြီး၊ အခြားနေရာများသို့ သွားလာခွင့်အား ပိတ်ဆို့ခဲ့သည်၊ လူအများ ကုန်ပစ္စည်းများ ရောင်းဝယ်နိုင်သည့် ကုန်သွယ်မှု စင်တာများဖြင့် အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။ စတုတ္ထအဆင့်အနေနှင့် ၂၀၁၇ ခုနှစ်၊ နှောင်းပိုင်း ဆန်စပါး ရိတ်သိမ်းချိန်လောက်တွင် ကျေးရွာများ၌ ရိုဟင်ဂျာများအား ၎င်းတို့၏ စပါးခင်းများသို့ သွားလာခွင့်ကို ပိတ်ဆို့ခဲ့လေသည်။ မိမိတို့၏ ကောက်နှံ စပါးများအား ရိတ်သိမ်းဖြည့်တင်းမှု မပြုလုပ်နိုင်ခြင်း၊ အခြားသော လူမှုဘဝ နေထိုင်မှုနည်းလမ်းများဖြင့် အဆက်အသွယ် ဖြတ်ထားခံရခြင်း၊ ထို့ပြင် အစားအသောက် အကူအညီများ မရရှိခြင်း သို့မဟုတ် အနည်းဆုံး အနေနှင့် ဝမ်းစာဖူလုံရုံမျှသော အစားအသောက်များကိုပင် မရရှိနိုင်ခြင်း အစရှိသော အခြေအနေများကြောင့် ၂၀၁၇ နှောင်းပိုင်း နှင့် ၂၀၁၈ အစောပိုင်း ကာလများတွင် အပတ်တိုင်း နယ်စပ်ဖြတ်ကျော်သူများ ထောင်သောင်းချီ ရှိခဲ့ပေသည်။ ဘူးသီးတောင်မြို့နယ် တတ်ရာကျေးရွာမှ အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည့် Dildar Begum က Amnesty International ထံသို့ ပြောကြားခဲ့သည်မှာ -*"ကျွန်မတို့ အစားအသောက်တွေ မရနိုင်ဘူး၊ ဒါကြောင့် ကျွန်မတို့ ထွက်ပြေးလာခဲ့တယ်။"*

၂၀၁၇ ခုနှစ် အဆုံးတွင် မြန်မာအာဏာပိုင်များသည် မြောက်ပိုင်း ရခိုင်ပြည်နယ်အား ပြန်လည်ပြုပြင်မှုများ စတင်ခဲ့လေသည်၊ ဒေသတစ်ဝှမ်း၌ မြေတူးစက် တူးဆွမှုများ နှင့် ဖွဲ့စည်းတည်ဆောက်မှုများအား ကသောကမျောဖြင့် ဆောင်ရွက်ခဲ့ကြသည်။ အရပ်သား ဦးဆောင်သော အစိုးရမှ ပြောကြားသည်မှာ ၎င်းလှုပ်ရှားဆောင်ရွက်မှုသည် ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာ ဒုက္ခသည်များ နေရပ်ပြန်ရန်အတွက် ဒေသအား ပြင်ဆင်ထားခြင်းဖြစ်သည်ဟု ဆိုသည်၊ ပို၍ ယေဘုယျဆန်ဆန် ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးသော ပြည်နယ်များထဲမှ တစ်ခုဖြစ်သည့် ၎င်းပြည်နယ်တွင် ဆယ်စုနှစ်ပေါင်းများစွာ ကြာရှည်နေပြီဖြစ်သော မဖွံ့ ဖြိုး မတိုးတက်မှု နှင့် ရင်းနှီးမြှုပ်နှံမှု မရှိခြင်းတို့အား ဖြေရှင်းဆောင်ရွက်ရန်ပင် ဖြစ်သည်။

သို့သော်လည်း Amnesty International ၏ ဂြိုလ်တုရုပ်ပုံ လေ့လာဆန်းစစ်မှု နှင့် နယ်စပ်ရှိ နှစ်ဖက်နှစ်ခြမ်းစလုံးမှ ပုဂ္ဂိုလ်များအား အင်တာဗျူး မေးမြန်းချက်များကို ပေါင်းစပ်မှုအရ သဘောထားပြည့်ဝစွာဖြင့် လုပ်ဆောင်ပေးနေသော တစ်စုံတစ်ရာ မဟုတ်ဟု ခိုင်မာစွာ မှတ်ချက်ပြုရပေမည်။ စင်စစ် မီးရှို့ မှုမှ ရှင်သန်ကျန်ရစ်နေသော ဖွဲ့စည်းမှုများ အပါအဝင် ဒါဇင်နှင့်ချီသော ရိုဟင်ဂျာ ကျေးရွာများအား မြေတူးစက်ဖြင့် တူးဆွ၍ မြေပုံပေါ်မှ အပြီးတိုင် ရှင်းလင်းပစ်ခဲ့ခြင်းပင်ဖြစ်သည်။ လူသားမျိုးနွယ်စုအပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများအား စစ်တပ်မှ ကျူးလွန်ကြောင်းနှင့် ဆက်နွယ်နေသည့် သက်သေ အထောက်အထားများအားလည်း တစ်ချိန်တည်းတွင် ရှင်းလင်းဖယ်ရှားပစ်ခဲ့ပုံ ရလေသည်။

အစဉ်တစ်စိုက် ရိုဟင်ဂျာများ လယ်လုပ်နေထိုင်ခဲ့ကြသည့် ဤကျေးရွာများ၏ နေရာတွင် အာဏာပိုင်များသည် အသစ်သော လုံခြုံရေးတပ်အခြေစိုက် စခန်းများ နှင့် အခြားသော လုံခြုံရေး အခြေခံအဆောက်အအုံများ၊ လမ်းများ နှင့် အခြားသော အရပ်သားဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ထို့ပြင် အခြားသော တိုင်းရင်းသားများ၊ ဘာသာဝင်များတို့အတွက် "စံပြ ကျေးရွာများ" တို့ကို ဆောက်လုပ်နေကြခြင်း ဖြစ်သည်။ ထို့ပြင် အာဏာပိုင်များသည် အချို့သော ရခိုင်တိုင်းရင်းသား ရပ်ရွာခေါင်းဆောင်များအားဖြင့် ပြည်နယ်၏ အခြားသော အစိတ်အပိုင်းများမှ လူများနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်ဖက်၌ နေထိုင်နေကြသော ဗုဒ္ဓဘာသာဝင် ကြီးစိုးသည့် တိုင်းရင်းသားအုပ်စုများကိုပင်လျှင်—ဤရိုဟင်ဂျာများ နေထိုင်ခဲ့ရာ ဧရိယာများ၌ လာရောက်အခြေချ နေထိုင်စေရန် မသိမသာ သွယ်ဝိုက်၍ ပံ့ပိုးအားထုတ်နေကြပေသည်။

ဆောက်လုပ်မှုများ မပြီးပြတ်သေး၍ ပြည့်ပြည့်ဝဝ ရုပ်လုံးပေါ်လာခြင်းမရှိသေးချိန်တွင် အခြေအနေများသည် အရေးပေါ် စိုးရိမ်ဖွယ်ရာများ အဖြစ်သို့ မြင့်တက်လာလျက် ရှိပေသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတစ်ခြမ်းလုံးအား စစ်တပ်လက်အောက်သို့ သိမ်းသွင်းခဲ့ပြီး ဖြစ်လေသည်။ အထူးသဖြင့် ထောင်သောင်းချီသည့် ရိုဟင်ဂျာများအား နှင်ထုတ်မောင်းချခဲ့သည့် လူသားမျိုးနွယ်စု အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ဆောင်ရွက်ခဲ့ပြီး သည့်နောက် နောက်ထပ် လုံခြုံရေး အခြေခံ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းသည် စင်စစ် ရိုဟင်ဂျာများအား မိမိဆန္ဒအလျောက် လုံခြုံ အန္တရာယ်ကင်းစွာ နှင့် ဂုဏ်သိက္ခာရှိစွာဖြင့် မူလ ၎င်းတို့၏ နေရပ်များသို့ ပြန်လည်သွားရောက်နိုင်ခြင်း မရှိစေရန် ဆောင်ရွက်နေသကဲ့သို့ ရှိပေသည်။ ရိုဟင်ဂျာများ၏ နေအိမ်များ နှင့် လယ်ယာများပေါ်တွင် တိုက်ရိုက် ဆောက်လုပ်ထားသော လုံခြုံရေး အခြေစိုက်စခန်း အဆောက်အဦးများ နှင့် အခြားသော လူမှုအသိုင်းအဝိုင်းများအတွက် နေအိမ်များတို့သည်လည်း စင်စစ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရအကြား နိုဝင်ဘာလ ၂၀၁၇ တွင် လက်မှတ် ရေးထိုးထားသည့် ပြန်လည် လက်ခံရေးလုပ်ငန်းစဉ် "သဘောတူညီချက်" နှင့် ဆန့်ကျင်နေသည်ဟု ယူဆရနိုင်ပေသည်။

*"ဒုက္ခသည်များ မိမိသဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ဂုဏ်သိက္ခာရှိရှိဖြင့် အဆက်မပြတ် နေရပ်ပြန်လာနိုင်ရေးအတွက် ရည်ရွယ်သော ပူးပေါင်း ဆောင်ရွက်မှု အခြေခံဘောင်တစ်ခုအား ထုတ်ပြန်ရန်"* အတွက်မှာ ၂၀၁၈ ခုနှစ်၊ ဇွန်လအစောပိုင်းတွင် မြန်မာအစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ဖြင့် နားလည်မှုစာချွန်လွှာတစ်စောင်အား လက်မှတ်ရေးထိုးခဲ့ပေသည်။ အကယ်၍ မြန်မာအာဏာပိုင်များသည် စိတ်ရင်းအမှန်ဖြစ်ပါလျှင် ၎င်းတို့အနေနှင့် ပြီးခဲ့သည့်ခြောက်လအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်ဝှမ်း ဆောင်ရွက်ထားခဲ့သည် ၎င်းတို့၏ ဆောင်ရွက်ချက် တော်တော်များများအား ပယ်ဖျက်ပစ်ရန် သို့မဟုတ် ဦးတည်ချက်ပြောင်းလဲပစ်ရန် လိုအပ်မည်ဖြစ်ပြီး၊ ထို့ပြင် အထက်တွင် ဖော်ပြထားသည့် ကာလကြာရှည်စွာ ရိုဟင်ဂျာများ၏ အခွင့်အရေးများ နှင့် ဂုဏ်သိက္ခာတို့အား ထိခိုက်စေခဲ့သည့် အုပ်ချုပ်မှု စနစ်လည်း ဖျက်သိမ်းပစ်ရန် လိုအပ်မည်ဖြစ်သည်။

**ARSA ၏ အနိုင်ကျင့်နှိပ်စက်မှုများ**

လုံခြုံရေး တပ်စခန်းများသို့ ၎င်းတို့၏ ကနဦးတိုက်ခိုက်မှုများ အတောအတွင်း နှင့် ၎င်းနောက်ပိုင်း နေ့ရက်များတွင် ARSA သည် အဓိကအားဖြင့် လုံခြုံရေး တပ်များအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့လေသည်။ သို့သော်လည်း ဖြစ်ရပ်များအား ကြည့်လျှင် ARSA သည်လည်း အခြားသော တိုင်းရင်းသား နှင့် ဘာသာရေး အသိုင်းအဝိုင်းများမှ ရွာသားများအား တိုက်ခိုက်ခဲ့ပြီး၊ ဩဂုတ်လ ၂၅ ရက် မတိုင်မီ ဖြစ်ပွားခဲ့သော အနိုင်ကျင့်နှိပ်စက်မှုများအပေါ် အခြေခံကြည့်မည်ဆိုလျှင် ARSA သည် ၎င်းတို့ သံသယရှိသော ရိုဟင်ဂျာ သတင်းပေးများ နှင့် ၎င်းတို့၏ "စခန်းများ" အား တွေ့ရှိသွားကြပုံရသည့် အခြားသော တိုင်းရင်းသားအုပ်စုမှ ရွာသားများကိုလည်း ဥပဒေမဲ့ သတ်ဖြတ်ခဲ့ကြသည်။ ဤတိုက်ခိုက်မှုများသည် ဒေသအတွင်းရှိ အခြားသော တိုင်းရင်းသား နှင့် ဘာသာရေး အသိုင်းအဝိုင်းများအကြား ကြောက်ရွံ့ မှုကို မီးစာဖြည့်ပေးခဲ့ပြီး၊ ခန့်မှန်းခြေ လူ ၃၀,၀၀၀ ခန့်သည် ပြည်တွင်း၌ ပြောင်းရွှေ့ နေရာချခဲ့သည် သို့မဟုတ် မြန်မာအာဏာပိုင်များမှ ၎င်းတို့အား ဘေးကင်းရာသို့ ပြောင်းရွှေ့ ပေးခဲ့သည်။ အများစုသည် နေအိမ်သို့ ပြန်လာခဲ့ပြီဖြစ်သော် လည်း အချို့မှာ နောက်ထပ် ARSA ၏ တိုက်ခိုက်မှုများ နှင့် အကြမ်းဖက်မှုများကို ကြောက်လန့်သဖြင့် အခြားဘေးကင်းရာ နေရာတွင် ဆက်လက် ကျန်ရှိနေဆဲဖြစ်သည်။

ARSA တိုက်ခိုက်သူများ၏ အဆိုးရွားဆုံးသော ယုတ်မာရက်စက်မှုတစ်ခုမှာ ခမောင်းဆိပ်ကျေးရွာစုရှိ ဟိန္ဒူအသိုင်းအဝိုင်းအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းပင် ဖြစ်သည်။ ဩဂုတ်လ ၂၅ ရက်နေ့ မနက် ၈ နာရီအချိန်လောက်တွင် အမဲရောင် ဝတ်ဆင်ထားပြီး မျက်နှာများ ဖုံးအုပ်ထားသည့် အမျိုးသားများသည် ၎င်းဒေသမှဟု သိရှိနိုင်သော ပုံမှန် အတိုင်းဝတ်ဆင်ထားသည့် ရိုဟင်ဂျာများနှင့်အတူ ပူးပေါင်းကာ အနောက်ခမောင်းဆိပ်ကျေးရွာရှိ ဟိန္ဒူ အမျိုးသမီးများ၊ အမျိုးသားများ နှင့် ကလေးများ ၆၉ ဦး အား ဝန်းရံထားခဲ့သည်။ နာရီပေါင်းများစွာ ကြာပြီးနောက်တွင် အဆိုပါ တိုက်ခိုက်သူများသည် ဖမ်းဆီးထားသော ဟိန္ဒူ ၅၃ ဦး အား သတ်ဖြတ်ပစ်လိုက်သည်။ အများစု မဟုတ်သော်လည်း တော်တော်များများမှာ ၎င်းတို့၏ လည်ချောင်းများ ပိုင်းဖြတ်ခံရကာ သတ်ဖြတ်ခံထားရခြင်း ဖြစ်သည်။ ၎င်းတိုက်ခိုက်သူများသည် မူစလင်ဘာသာသို့ "ကူးပြောင်း" ပြီး၊ တိုက်ခိုက်သူများမှ ရွေးချယ်ပေးသော အမျိုးသားများနှင့် လက်ထပ်ယူပါမည်ဟု သဘောတူလက်ခံခဲ့သည့် ဟိန္ဒူအမျိုးသမီး ရှစ်ဦး နှင့် ၎င်းတို့၏ ကလေး ရှစ်ဦးကိုမူ အသက်ချမ်းသာခွင့်ပေးခဲ့ သည်။

ခိုင်မာသော သက်သေအထောက်အထားများအရမူ အဆိုပါ ခမောင်းဆိပ်ရှိ ဟိန္ဒူအသိုင်းအဝိုင်းအား တိုက်ခိုက်ခဲ့သူများမှာ ARSA အဖွဲ့ဝင်များ နှင့် မိမိဆန္ဒ အလျောက်ဖြစ်စေ ဖိအားပေးခံရသောကြောင့်ဖြစ်စေ ပါဝင်ခဲ့ကြသော ရိုဟင်ဂျာ ရွာသားများ ဖြစ်ပေသည်။ ၎င်းအုပ်စုသည် အဆိုပါနေ့တွင်ပင် ကျေးရွာစု အတွင်းရှိ BGP စခန်းတစ်ခုအားလည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ BGP စခန်းအား ဝင်ရောက် တိုက်ခိုက်ခဲ့သူများ နှင့် ဟိန္ဒူအသိုင်းအဝိုင်းသို့ တိုက်ခိုက်ခဲ့သူများ၏ အသွင်အပြင်အား ဖော်ပြချက်များအရ ၎င်းတို့မှာ တူညီကြကြောင်း တွေ့ရှိရပေသည်၊ ထို့ပြင် ခမောင်းဆိပ်အနီး ကျေးရွာများ အပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်ဝှမ်း ကျေးရွာများသို့ ဝင်ရောက် တိုက်ခိုက်ခဲ့သည့် ARSA တိုက်ခိုက်ရေးသမားများ၏ ပုံစံဖော်ပြချက်များနှင့်လည်း တူညီနေပေသည်။ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုကို ဆောင်ရွက်ခဲ့ကြသည့် ၎င်းတူညီသော တိုက်ခိုက်ရေးသမားများထဲမှ အချို့သည် ဟိန္ဒူ ရှင်သန်ကျန်ရစ်သူများအား ဘင်္ဂလားဒေ့ရှ်သို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ၎င်းတို့အား ဘေးအန္တရာယ်ကင်း လုံခြုံစေရန် ဘင်္ဂလားဒေ့ရှ်ရဲများက စောင့်ရှောက်ပေးဖို့အတွက်ငှာ Cox's Bazar ရှိ ဟိန္ဒူအသိုင်းအဝိုင်းမှ ကြားဝင်ဆောင်ရွက်ပေးခဲ့သည်။

ARSA များသည် ရခိုင် နှင့် မြို အနည်းဆုံး တိုင်းရင်းသား နှစ်မျိုးလောက်၏ ကျေးရွာများအား တိုက်ခိုက်၍ မီးရှို့ ဖျက်ဆီးခဲ့သည်။ ဩဂုတ်လ ၂၈ ရက်နေ့တွင် ARSA တိုက်ခိုက်ရေးသမားများ နှင့် အခြားသော ရိုဟင်ဂျာများတို့သည် ဓားရှည်များ၊ ဓားမြှောင်များ နှင့် အခြားသော ချွန်ထက်သော လက်နက်များကို ကိုင်ဆွဲပြီး မြောက်ပိုင်း မောင်းတောမြို့နယ်မှ မြိုတိုင်းရင်းသားတို့၏ကျေးရွာ ခုဒိုင်းထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့သည် တိုင်းရင်းသားမြို ရွာသား ခြောက်ဦးအား သတ်ဖြတ်ခဲ့ပြီး၊ နောက်ထပ် ခုနစ်ဦးအား ထိခိုက် ဒဏ်ရာရရှိစေကာ ကျေးရွာအား မီးရှို့ ဖျက်ဆီးခဲ့သည်။ တိုင်းရင်းသား မြိုများ သတ်ဖြတ်ခံခဲ့ရသည့် ဩဂုတ်လ ၂၅ ရက် မတိုင်မီမှ အခြားသော ဖြစ်စဉ်များနှင့်အတူ ဤတိုက်ခိုက်မှုသည် မြောက်ပိုင်း ရခိုင်ပြည်နယ်ရှိ မြို အသိုင်းအဝိုင်းတို့၏ ဘဝ နေထိုင်မှု တစ်ခုလုံးအပေါ်သို့ သက်ရောက်မှုများ ရှိစေခဲ့သည်။ သမိုင်းကြောင်း တစ်လျှောက်၌ မြိုတိုင်းရင်းသားများသည် လမ်းများဖြင့် ဝင်ရောက်နိုင်ခြင်းမရှိသော တောတောင်ထူထပ်ပြီး လူသူကင်းဝေးသည့် ဧရိယာများတွင် လူနည်းစု စု၍ နေထိုင်ခဲ့ကြသည်။ ယခုအခါတွင် တော်တော်များများသည် မိမိတို့ကျေးရွာများမှ ထွက်ခွာပြီး လယ်ယာလုပ်ကိုင်ရန်၊ အစားအစာ ရှာဖွေရန် သို့မဟုတ် သစ်ခုတ်ရန်အတွက်ပင်လျှင် စိုးရိမ်ကြောက်ရွံ့ လျက်ရှိရာ ၎င်းတို့သည် လုံခြုံရေးတပ်စခန်းများရှိနေသည့် လမ်းများအနီး မြေပြန့်ဧရိယာများသို့ စတင် ပြောင်းရွှေ့ နေထိုင်လာကြသည်။

ARSA နှင့်ပတ်သက်ပြီး ၎င်း၏ ပမာဏအရွယ်အစား နှင့် ၎င်း၏ ဖွဲ့စည်းမှုပုံစံ အတိအကျတို့အပါအဝင် တော်တော်များများအား မသိရှိရသေးပေ။ ARSA တိုက်ခိုက်သူများ ပါဝင်ပတ်သက်နေသည့် ညှဉ်းပန်းအနိုင်ကျင့်မှုများမှ အချို့သည် ၎င်းအုပ်စု၏ ဖွဲ့စည်းအုပ်ချုပ်မှုပြင်ပတွင် ဖြစ်ပေါ်ခဲ့သည်လား သို့မဟုတ် အခြားသော လူမှုအသိုင်းအဝိုင်းများမှ ရွာသားများအား ဆက်ဆံပုံ နှင့်ပတ်သက်ပြီး ၎င်းတို့၏ မိန့်မှာချက်များနှင့်ဖီဆန်ကာ ဆောင်ရွက်ခဲ့ခြင်းပေလား၊ သို့မှမဟုတ် ဤအကြမ်းဖက် ညှဉ်းပန်းမှုများသည် မူလကတည်းကပင် ၎င်းတို့ စီစဉ်မိန့်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်းပေလား သေသေချာချာ မသိရှိရသေးပေ။ သို့သော်လည်း ARSA ၏ တိုက်ခိုက်ညှဉ်းပန်းမှုကြောင့် သက်ရောက်မှုများသည် ထင်ရှားမြင်သာပေသည် - ရိုဟင်ဂျာများ သည် တိတ်တဆိတ်နေရန် ကြီးစွာ ခြိမ်းခြောက်ခံလိုက်ရသည်၊ ထို့ပြင် အခြားသော တိုင်းရင်းသား နှင့် ဘာသာရေး အသိုင်းအဝိုင်းများသည်လည်း နောက်ပိုင်းတွင် ၎င်းတို့အား ARSA မှ လာရောက် တိုက်ခိုက်မည်ကို ကြောက်လန့်တကြားဖြင့် နေထိုင်နေရလျက် ရှိသည်။ နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု မှန်သမျှသည် ဤတိုက်ခိုက်အနိုင်ကျင့်မှုများအား ထည့်သွင်း စဉ်းစားရမည်ဖြစ်ပြီး၊ ၎င်းတိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်၊ မမြောက် ဆုံးဖြတ်ရပေမည်။

**လူသားမျိုးနွယ်စုအပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် အုပ်ချုပ်သူများ၏ တာဝန်ယူမှု**

ဩဂုတ်လ ၂၅ရက် မတိုင်မီနှင့် ၎င်းပြီးနောက် ကာလအတွင်း မြန်မာ့လုံခြုံရေးတပ်များမှ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများမှာမူ ရှင်းလင်းစွာပင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ ဖြစ်ပေသည်။ နိုင်ငံတကာဥပဒေအရ ဤရာဇဝတ်မှုများအတွက် တာဝန်ရှိသူသည် အရပ်သားဖြစ်စေ စစ်သားဖြစ်စေ၊ ထို့ပြင် မည်သည့်ရာထူးတွင်ရှိနေပါစေ ရာဇဝတ်မှုနှင့်အညီ တာဝန်ယူရပေမည်။ စစ်ဘက်ရေးရာ တပ်မှူးဖြစ်စေ အရပ်သား အထက်လူကြီး ပိုင်းဖြစ်ပါစေ မိမိတို့သိရှိလျက်ပင် သို့မဟုတ် သိရှိထားသင့်လျက်ဖြင့် ရာဇဝတ်မှုများအား တားဆီးရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် ၎င်းရာဇဝတ်မှုများ အတွက် တာဝန်ရှိသူများအား အပြစ်ပေးရန် ပျက်ကွက်ခဲ့ပါလျှင် အဆိုပါသော အပြုအမူများအတွက် တန်းတူညီမျှစွာ တာဝန်ယူရမည်ဖြစ်သည်နှင့်အညီ တပ်မှူးများသည် အုပ်ချုပ်သူများ၏ တာဝန်ယူမှုဆိုင်ရာ အပါအဝင် များစွာသော တာဝန်ယူမှုပုံစံအမျိုးမျိုးနှင့်အညီ တာဝန်ယူရနိုင်ပေသည်၊

(တပ်မတော်) ကာကွယ်ရေးဦးစီးချုပ်ရုံးခန်း သို့မဟုတ် စစ်ရုံးခန်းမှ မြန်မာ့စစ်တပ် အထက်တန်းအရာရှိများသည် ဤအစီရင်ခံစာအတွင်း ဖော်ပြထားသည့် လူသားမျိုးနွယ်စုအပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ကျူးလွန်နေစဉ်အတောအတွင်းတွင် စစ်ဆင်ရေးများအား စီမံညွှန်ကြားရာ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပုံရလေသည်။ လူထုအစီရင်ခံချက်များအရ အဆိုပါသော တိုက်ပွဲဌာနခွဲများသည် စစ်ပွဲ ရာဇဝတ်မှုများနှင့် ချိတ်ဆက်နေနိုင်ကြောင်း ဖော်ပြထားသော်ငြား ဩဂုတ်လတွင် စစ်ရုံးခန်းသည် နိုင်ငံ၏ အခြားတစ်နေရာမှသော တိုက်ပွဲ ဌာနခွဲများရှိ တပ်ရင်းများအား ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ဖြန့်ကျက်ထားရန် ဆုံးဖြတ်ခဲ့သည်။ စစ်ရုံးခန်းမှ အထက်တန်း အရာရှိများသည် ဩဂုတ်လ ၂၅ ရက်နေ့နှင့် ၎င်းနောက်ပိုင်းတွင် ရခိုင်ပြည်နယ်သို့ ကိုယ်တိုင် သွားရောက်ခဲ့ကြသည်။ ၎င်းတို့ထဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင်ပါဝင်ခဲ့ပြီး၊ စစ်ဆင်ရေးများအား မှာကြားရန်အတွက်ငှာ ၂၀၁၇ ခုနှစ်၊

စက်တင်ဘာလ ၁၉ -၂၁ အတွင်းတွင် ၎င်းဒေသသို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ဤအထက်တန်း အရာရှိများသည် ၂၀၁၆ခုနှစ် အောက်တိုဘာလ ၉ရက်တွင် စတင်ခဲ့သည့် စစ်ဆင်ရေးများ နှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် စတင်ခဲ့သော စစ်ဆင်ရေးများ နှစ်မျိုးစလုံးအတွင်း ပြင်းထန်သော ရာဇဝတ်မှုများ သို့မဟုတ် ရာဇဝတ်တွဲများအား ဖုံးကွယ်မှုတို့ဖြင့် ချိတ်ဆက်နေပုံရသည့် ဟယ်လီကော်ပတာကဲ့သို့သော လေတပ်ဖြန့်ကျက်မှုတွင်လည်း ပါဝင်ပတ်သက်ခဲ့ကြပေမည်။

မြန်မာ့တပ်မတော်အကြောင်း လျှို့ ဝှက်စာရွက်စာတမ်းများအရ ညွှန်ပြနေသည်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာကဲ့သို့ စစ်ဆင်ရေးများ ဆောင်ရွက်နေစဉ် လက်တွေ့မြေပြင်ပေါ်မှ တပ်များသည် ပုံမှန်အားဖြင့် ဖွဲ့စည်းမှုအတွင်းမှ အထက်ပိုင်းအဆင့်များ၏ တင်းကျပ်သော ထိန်းချုပ်မှုအောက်တွင် စီမံဆောင်ရွက်ကြရသည်။ ရိုဟင်ဂျာများအပေါ် အဓိက ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် တိုက်ပွဲဌာနခွဲယူနစ်များသည် မိမိတို့၏ လှုပ်ရှားမှုများ၊ ဆောင်ရွက်မှုများ နှင့် လက်နက်အသုံးပြုမှုများတို့ကို တင်းကျပ်စွာ အစီရင်ခံ ပြန်လည်တင်ပြရန် လိုအပ်ပေသည်။ ဤတင်းကျပ်သော ဖွဲ့စည်းမှု နှင့် တင်းကျပ်သော အစီရင်ခံတင်ပြမှု လိုအပ်ချက်များအရ မည်သည့်ရက်များအတွင်း မည်သည့်နေရာများ၌ မည်သည့်ယူနစ်သည် မည်သည်ကိုဆောင်ရွက်သည်ကို အထက်တန်း အရာရှိကြီးများက သိရှိထားပြီးဖြစ်သည် သို့မဟုတ် သိရှိထားသင့်သည်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။

ပြဿနာကာလ တစ်လျှောက်လုံးတွင် မီဒီယာများ နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများတို့သည် ရက်စက်ယုတ်မာမှု ဖြစ်စဉ် အသေးစိတ်၏ နေ့စွဲများ နှင့် တည်နေရာများအား အစီရင်ခံခဲ့ကြသည်။ အနည်းဆုံး ယေဘုယျအားဖြင့် စစ်တပ် အာဏာပိုင်များသည် ၎င်းအစီရင်ခံချက်များအား လူထုရှေ့၌ တုံ့ပြန်ခြင်း၊ အထူးသဖြင့် မျက်စိစုံမှိတ် ငြင်းဆန်ခြင်းတို့ကို ပြုလုပ်ခဲ့သည်ဖြစ်ရာ ၎င်းတို့သည် ဤအစီရင်ခံချက်များအကြောင်း သိရှိထားပြီးဖြစ်ပေမည်။ စစ်ဘက်ဆိုင်ရာယူနစ်များတွင် ဌာနအတွင်းပိုင်း အစီရင်ခံတင်ပြရန် လိုအပ်သော ကန့်သတ်ချက်များနှင့်အတူ ၎င်းရက်စက်သော အပြုအမူများအပေါ် လူထုမီဒီယာ အစီရင်ခံချက်များတို့အရ စစ်ဘက်ဆိုင်ရာ အထက်တန်းအရာရှိများအနေနှင့် ၎င်းတို့၏ မည်သည့်ယူနစ်များသည် နိုင်ငံတကာဥပဒေ လက်အောက် ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများတို့တွင် ပါဝင်ပတ်သက်နေကြောင်း စွဲဆိုခံနေရသည်ကို သိရှိထားပြီးဖြစ်သည်၊ သို့မဟုတ် သိရှိထားသင့်ပေသည်။

ဤသို့ မှန်ကန်သော သို့မဟုတ် တိကျခိုင်မာသော အချက်အလက်များ သိရှိထားပြီးဖြစ်သော်ငြား အထက်တန်းအဆင့်မှ ရာထူးအများစု အပါအဝင် စစ်ဘက်မှ အထက်ပိုင်းအရာရှိများသည် ရာဇဝတ်မှုများအား တားဆီးရန်၊ ရပ်တန့်ရန် သို့မဟုတ် အပြစ်ပေးရန် ပျက်ကွက်ခဲ့ပေသည်။ ပြင်းထန်သော ရာဇဝတ်မှုများအကြောင်း ခိုင်လုံသည့် အစီရင်ခံစာများအား ပထမဆုံးအကြိမ် ထုတ်ဝေပြီးနောက် ရက်သတ္တပတ်ပေါင်းများစွာ လပေါင်းများစွာ ကြာသည့်တိုင် စစ်တပ်သည် သတ်ဖြတ်မှု၊ မုဒိန်းမှု၊ ပြည်နှင်မှု သို့မဟုတ် အတင်းအကျပ် ပြောင်းရွှေ့စေမှု နှင့် အခြားသော လူသားမဆန်သည့် အပြုအမူများ အပါအဝင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအား ဆက်လက် ကျူးလွန်နေခဲ့သည်။ ဤရာဇဝတ်မှုများအား တုံ့ပြန် အရေးယူရာတွင် စစ်တပ်၏ စီရင်မှုများသည် အထူးသဖြင့် အမှုတစ်ခုအတွက်သာလျှင် ဥပဒေစွဲချက်တင်မှုရှိပြီး၊ အခြားသော အမှုအနည်းငယ်ကိုမူ စည်းမျဉ်းစည်းကမ်းအရ အရေးယူမှုလောက်သာ ပြုလုပ်ခဲ့ပုံရလေသည်။ မည်သည့်ရာထူးအဆင့်တွင်မဆိုသော ပြစ်မှုကျူးလွန်သူ အများစုသည် ကျူးလွန်သော ရာဇဝတ်မှုများအား ဖုံးကွယ်သက်ညှာသည့် စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့်အတူ ပြစ်ဒဏ်ကင်းလွတ်ခွင့်အား ရရှိခံစားနေ ကြပေသည်။

ရိုဟင်ဂျာလူထုအပေါ် စနစ်တကျ ဖြန့်ကျက်တိုက်ခိုက်မှုအား ဆောင်ရွက်ပြီးနောက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိခြင်းအတွက် အထူးတလည် အံ့ဩမိခြင်း မရှိတော့ပေ။ နိုင်ငံတကာ ဥပဒေလက်အောက်က ရာဇဝတ်မှုများအား ကျူးလွန်ထားသည့် နောက်ကြောင်း သမိုင်းရှည်ရှိထားသော တပ်မတော်သည် ဤရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်အား ရယူခံစားနေပေသည်၊ အထူးသဖြင့် နိုင်ငံတစ်ဝှမ်း လူနည်းစုတိုင်းရင်းသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ နောက်ကြောင်းသမိုင်းရှိပြီး၊ ဤတွင် ၂၀၀၀ ပြည့်နှစ်များ၌ ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်များ၊ ၂၀၁၁ ကတည်းကပင် ကချင် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပွားနေသည်များ၊ ထို့ပြင် အောက်တိုဘာလ ၂၀၁၆ မှစတင်ပြီး မြောက်ပိုင်း ရခိုင်ပြည်နယ်တွင် စတင်ခဲ့သည့် စစ်ဆင်ရေးများတို့ ပါဝင်ပေသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် စစ်သားများ နှင့် BGP တို့သည် လွတ်မြောက်သွားနိုင်ခဲ့သော်လည်း ဤရာဇဝတ်မှုများသည် ဩဂုတ်လ ၂၀၁၇ တိုက်ခိုက်မှုများနောက်ပိုင်းတွင် မြင့်တင်လာခဲ့သည်။ မြန်မာ့တပ်မတော်၏ ရာထူးအကြီးပိုင်းများအနေနှင့် နိုင်ငံတကာဥပဒေလက်အောက်မှ ဤရာဇဝတ်မှုများအား ဟန့်တား၊ ရပ်တန့် သို့မဟုတ် ပြစ်ဒဏ်ပေးရန် ပျက်ကွက်ခြင်းသည် ၎င်းတို့အနေနှင့် တာဝန်ယူရမည်ဖြစ်သော ကာလကြာရှည် တည်ရှိနေသည့် ပြဿနာကိစ္စရပ်တစ်ခုပင် ဖြစ်သည်။

၎င်း၏ သုတေသနအပေါ်တွင် အခြေခံချက်အရ Amnesty International အနေနှင့် ယုံကြည်လက်ခံထားသည်မှာ လူသားမျိုးနွယ်စု အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် တော်တော်များများသည် တရားရေးရာ စီရင်ဆုံးဖြတ်မှုအား ခံယူသင့်သည်ဟူ၍ ဖြစ်သည်။ အစီရင်ခံစာအတွင်း ဖော်ပြထားသော အမည်များစာရင်းတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုဗိုလ်ချုပ်မှူး စိုးဝင်းတို့လည်း ပါဝင်ပြီး၊ ၎င်းတို့သည် ဤရာဇဝတ်မှုများအပေါ် အုပ်ချုပ်သူဆိုင်ရာ တာဝန်ယူရန်အတွက်ဖြစ်သည်။ အဆိုးရွားဆုံးသော ယုတ်မာရက်စက်မှုများ ကို ကျူးလွန်ခဲ့ကြသည့် အချို့သောယူနစ်များအတွက် တာဝန်ရှိသူ အထက်တန်း အရာရှိများလည်း ဤစာရင်းတွင် ပါဝင်ပေသည် - MOC 15 ၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ် ခင်မောင်စိုး၊ LID အမှတ် ၃၃ ၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ် အောင်အောင်၊ LID အမှတ် ၉၉ ၏ ယခင်တပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ် သန်းဦး တို့ဖြစ်သည်။ နောက်ဆုံးအဆင့် အနေနှင့်မူ ဖြစ်ရပ်များတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည့် ရာထူးအဆင့်နိမ့် တပ်မှူးများ နှင့် စစ်သားများ တော်တော်များများတို့ ပါဝင်ပြီး၊ ဤတွင် ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြားသော ရက်စက်သည့် အပြုအမူများအား ကျူးလွန်၊ ညွှန်ကြားခဲ့သည့် တောင်ဘာဇာ BGP အခြေစိုက်စခန်း၏ အုပ်ချုပ်သူ အရာရှိ ထွန်းနိုင်၊ စေတီပြင် BGP အခြေစိုက်စခန်းတွင် ညှဉ်းပန်းနှိပ်စက်မှု နှင့် ရက်စက်မှုတို့ကို ကျူးလွန်ခဲ့သည့် BGP တပ်ကြပ် ကျော်ချေ၊ မောင်နုကျေးရွာတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၏ အဓိက ကျူးလွန်သူများထဲမှတစ်ဦးဖြစ်သူ တပ်ကြပ်ကြီး ဘကျော်တို့ ပါဝင်ပေသည်။

**၂၀၁၈** ခုနှစ်၊ ဇွန်လ ၉ ရက် နှင့် ၁၂ရက် အကြားတွင် Amnesty International သည် နိုင်ငံတော်အတိုင်ပင်ခံ၊ ကာကွယ်ရေးဌာန၏ ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် ရဲအရာရှိချုပ်တို့အပါအဝင် မြန်မာ အာဏာပိုင်များထံသို့ စာများ ပေးပို့ခဲ့သည်။ ဤစာများသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ဝန်းကျင်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးတပ်များ၏ စစ်ဆင်ရေးများနှင့် ဆက်နွယ်ပြီး ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ နှင့် တရားရေးရာ ဆောင်ရွက်မှုများ တစ်ခုခုနှင့်ပတ်သက်သော အချက်အလက်များ အသေးစိတ်အား တောင်းဆိုထားခြင်း ဖြစ်သည်။ ထို့ပြင် လူသားမျိုးနွယ်စု အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် တိုက်ရိုက် သို့မဟုတ် အုပ်ချုပ်သူဆိုင်ရာ တာဝန်ယူရန်အတွက်ဌာ တရားရေးရာ စီရင်ဆုံးဖြတ်မှုများအား ရင်ဆိုင်သင့်သော ပုဂ္ဂိုလ်များအဖြစ် ဤအစီရင်ခံစာအတွင်း၌ ဖော်ပြထားခြင်းခံရသူများ၊ နှင့် ဤအစီရင်ခံစာအတွင်း အမည်မပါရှိသည့် အခြား တော်တော်များများသော ပုဂ္ဂိုလ်များတို့အပေါ် Amnesty International ၏ သက်သေအထောက်အထား အကျဉ်းချုပ်အားလည်း စာထဲတွင် ဖော်ပြထားပြီး၊ စွဲဆိုထားချက်များအပေါ် တစ်ဦးစီ၏ တုံ့ပြန်မှုများ နှင့် အမည်ပြုထားသည့် ရာဇဝတ်မှုများနှင့်ဆက်နွယ်၍ ဆက်လက် ဆောင်ရွက်နေသော သို့မဟုတ် ပြီးပြည့်စုံပြီဖြစ်သော စုံစမ်းစစ်ဆေးမှု အချက်အလက်များကိုလည်း တောင်းဆိုထားသည်။ နိုင်ငံတော်အကြံပေးရုံးခန်းသည် ဇွန်လ ၁၃ ရက်နေ့တွင် စာအား လက်ခံရရှိကြောင်း အတည်ပြုပေးခဲ့သည်။ ယခုထုတ်ဝေချိန်အထိမူ Amnesty International သည် အရပ်သား သို့မဟုတ် စစ်တပ် အာဏာပိုင်များထံမှ မည်သည့်တုံ့ပြန်ချက်များကိုမျှ လက်ခံရရှိခြင်း မရှိသေးပေ။

INDEX: ASA 16/8630/2018
JUNE2018
LANGUAGE: BURMESE
amnesty.org

AMNESTY INTERNATIONAL

**နိုင်ငံတကာ တရားမျှတမှု နှင့် တာဝန်ခံမှု**

၂၀၁၈ ခုနှစ် မေလ နှင့် ဇွန်လ အတွင်းတွင် မြန်မာအာဏာပိုင်များသည် ၎င်းတို့၏ ဆက်သွယ်ရေး မဟာဗျူဟာအား ပြောင်းလဲခဲ့ပုံရသည်။ ယခင်ကိုးလတာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအစီရင်ခံစာများမှာ မှားယွင်းကြောင်း သို့မဟုတ် ပုံကြီးချဲ့ထားခြင်းဖြစ်ကြောင်း အတည်ပြုပြောဆိုပြီး သက်သက်အထောက်အထားများ တောင်းဆိုခဲ့ရာမှ—စင်စစ် အစုလိုက် အပုံလိုက်သော သက်သေအထောက်အထားများ ရှိပြီးဖြစ်သော်ငြား—အာဏာပိုင်များသည် အခြေအနေအား စုံစမ်းစစ်ဆေးရန် အတွက်ဟု စုံစမ်းရေးကော်မရှင်တစ်ခုအား ထုတ်ပြန်ခဲ့ပေသည်။ ၎င်းတို့သည် UNDP နှင့် UNHCR တို့ဖြင့် နေရပ်ပြန်လာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအားလည်း လက်မှတ်ရေးထိုးခဲ့သည်။ တပ်မတော်သည်လည်း ၎င်း၏အပိုင်းတွင် တပ်မှူးတော်တော်များများ အား ၎င်းတို့၏ ရာထူးမှ ဖယ်ရှားခဲ့ပြီး၊ အခြားသူများအား ရာထူးတိုးပေးချိန်၌ ၎င်းတို့အား "ဆိုင်းငံ့" ထားခဲ့သည်။

စင်စစ် မြန်မာသည် ဤလမ်းစဉ်အား ယခင်ကတည်းကပင် လျှောက်လှမ်းခဲ့ဖူးလေသည်၊ အစိုးရမှဖန်တီးသော ၎င်းကော်မရှင်များသည် အပြစ်အား ဖုံးဖိကာကွယ်မှုသို့သာ ဦးတည်သွားမည်ဖြစ်ပြီး၊ ထို့အတူပင် ရိုဟင်ဂျာများအပေါ် စနစ်တကျ ခွဲခြားဆက်ဆံမှုအား ဖြေရှင်းပေးထားခြင်းမရှိသည့် နေရပ် ပြန်လာရေးလုပ်ငန်းစဉ်များသည်လည်း ခွဲခြားဆက်ဆံမှု၊ ဖိစီးနှိပ်စက်မှု နှင့် အကြမ်းဖက် နှင်ထုတ်မှု သံသယာစက်ဝန်းအတွင်းသို့သာလျှင် အစဉ်ပြန်လည် ဦးတည်သွားပေမည်။

လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများသည် ၎င်းဝေါဟာရမှ ဖော်ပြနေသည့်အတိုင်း အတိအကျပင် ဖြစ်သည် - ၎င်းရာဇဝတ်မှုအတွင်းမှ သားကောင်များ၊ ရှင်သန်လွတ်မြောက်လာသူများ၊ နှင့် မေးခွန်းထုတ်ဖွယ်သော ၎င်းတိုင်းပြည်နိုင်ငံတို့ အတွက်သာလျှင်မက လူသားမျိုးနွယ်တစ်စုလုံး၏ စိုးရိမ်ပူပန်ဖွယ်ရာပင် ဖြစ်လေသည်။ အဆိုပါသော ရာဇဝတ်မှုများအတွက် တာဝန်ခံယူမှုသည် အရေးကြီးပေသည် — ခံစားရသူသားကောင်များ နှင့် ၎င်းတို့၏ မိသားစုများအတွက် အမှန်တရား နှင့် တရားမျှတမှုအား ရှာဖွေပေးရန်အတွက်သာလျှင်မက အလားတူ ရာဇဝတ်မှုများ ထပ်မံ မခံစားရစေရန် ကာကွယ်ပေးဖို့အတွက်လည်း အရေးကြီးပေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံး ဝင်ရောက်ပါဝင်ရန် လိုအပ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့် မြန်မာနိုင်ငံရှိ ၎င်းအခြေအနေအား နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) သို့ ချက်ချင်းပင် လွှဲပြောင်းသင့်ပေသည်၊ သို့မှသာလျှင် စွဲချက်တင်မည့် ရှေ့နေရုံးခန်းသည် ရောမစာချုပ်နှင့်အညီ ရာဇဝတ်မှုများအား စတင် စုံစမ်းစစ်ဆေးနိုင်ပေမည်။ အဆိုပါသော လွှဲပြောင်းမှုတွင် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့အပါအဝင် အနည်းဆုံး ၂၀၁၁ ခုနှစ်လောက်မှစတင်ပြီး နိုင်ငံ၏အခြားနေရာများတွင် စစ်တပ်မှ နိုင်ငံတကာဥပဒေအား ဖောက်ဖျက်ခဲ့သည့် နိုင်ငံတစ်ဝှမ်းမှ ရာဇဝတ်မှုများအားလည်း အကျုံးဝင်ထည့်သွင်းသင့်ပေသည်။

လုံခြုံရေးကောင်စီ၏ နိုင်ငံရေးဆိုင်ရာသဘောထားများသည် စိန်ခေါ်မှုတစ်ရပ်အနေအဖြင့် ကာဆီးနေမည်ဖြစ်သော်ငြား နိုင်ငံတကာ အသိုင်းအဝိုင်းသည် ၎င်းအတွက်ကြောင့် မြန်မာ့လုံခြုံရေးတပ်များမှ ၎င်းတို့၏ ရာဇဝတ်မှုများမှ လွတ်မြောက်ခွင့်ရရှိနေသည်ကို ခွင့်မပြုသင့်ပေ။ စစ်တပ်သည် ဤသို့ လွတ်မြောက်ခွင့်ရရှိနေသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ တိုင်ခဲ့ပြီဖြစ်ပြီး၊ နိုင်ငံ၏လူများ၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစုများသည် ဤရလဒ်အား ခံစားနေကြရသည်။ နိုင်ငံတစ်ခုချင်းစီ နှင့် ၎င်းတို့၏ ခေါင်းဆောင်များသည် ဤအခြေအနေအား ဖြေရှင်းရန် ရှင်းလင်းပြတ်သားသော တစ်ထောင့်တစ်နေရာမှ ပါဝင်ဖို့ အချိန်ကျရောက်ပေပြီ။

ICC လွှဲပြောင်းမှုအားပြုလုပ်ရန် နိုင်ငံတကာ၏ သဘောတူညီချက် နှင့် ပံ့ပိုးထောက်ပံ့မှုတို့အား ရယူတည်ဆောက်နေစဉ်အတွင်း တစ်ဖက်တွင်လည်း နိုင်ငံတကာအသိုင်းအဝိုင်းသည် အနာဂါတ် တရားရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် အသုံးပြုနိုင်ရန်အတွက်ဟု အဓိကကျသော သက်သေအထောက်အထားများအား စုဆောင်း၊ ထိန်းသိမ်းထားကြောင်း သေချာစေရန် ပါဝင်ဆောင်ရွက်ဖို့ အရေးကြီးပေသည်။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ နောက်လာမည့်အစီရင်ခံချက်အား ထုတ်ပြန်ပြီးသည့်နောက်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေနှင့် နိုင်ငံတကာ သို့မဟုတ် နိုင်ငံတကာအဆင့်ဖြင့်ဆောင်ရွက်ထားသည့် တရားရုံးများ သို့မှမဟုတ် နိုင်ငံတကာ စီရင်ပိုင်ခွင့်လက်အောက်မှ ပြည်တွင်းရေးရာ စီရင်မှုများ အစရှိသည်တို့တွင် အသုံးပြုနိုင်ရန်အတွက် သက်သေအထောက်အထားများအား စုဆောင်း ထိန်းသိမ်းထားနိုင်ခွင့်၊ ရာဇဝတ်မှုများအား စွဲဆိုတည်ဆောက်နိုင်မည့် အခွင့်အာဏာ၊ စွမ်းရည် အစရှိသည်တို့နှင့်အတူ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားတစ်ခုအား UN လူ့အခွင့်အရေးဆိုင်ရာ ကောင်စီမှတစ်ဆင့် ဖွဲ့စည်းသင့်ပေသည်။

ဥရောပသမဂ္ဂ နှင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) ကဲ့သို့သော ဒေသအလိုက် အဖွဲ့အစည်းများအနေနှင့်လည်း တပ်မတော်၏ ရက်စက်ယုတ်မာမှုများအတွက် နောက်ဆက်တွဲတာဝန်ယူမှုများမရှိစေဘဲ ဒီအတိုင်းထားနိုင်မည်မဟုတ်ကြောင်း၊ နှင့် ဤအစီရင်ခံစာအတွင်း အမည်ပြုထားသူများအပါအဝင် နိုင်ငံတကာဥပဒေလက်အောက်မှ ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများအား ကျူးလွန်ခဲ့သည် ရာထူးမြင့် အထက်ပိုင်းမှ အရာရှိများအပေါ် ပစ်မှတ်ထားကာ ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများ ချမှတ်မည်ဖြစ်ကြောင်း ရှင်းလင်းသော အမှာစကားတစ်ခုအား ပေးပို့သင့်ပေသည်။ နိုင်ငံအားလုံးသည် မြန်မာနိုင်ငံအပေါ် UN ၏ ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှုပိတ်ဆို့ရေးအား ထောက်ခံပံ့ပိုးသင့်ပြီး၊ ပို၍လက်ငင်းဆောင်ရွက်သင့်သည်မှာ လက်နက်များ နှင့် အခြားသော စစ်လက်နက်ခဲယမ်းကျောက်များ ရောင်းချမှု နှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းမှုတို့ အပါအဝင် မြန်မာဖြင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပံ့ပိုးထောက်ပံ့မှုများ မှန်သမျှအား ချက်ချင်း ရပ်ဆိုင်းထားသင့်ပေသည်။

မြောက်ပိုင်း ရခိုင်ပြည်နယ်အတွင်းမှ ရက်စက်ယုတ်မာမှုများဖြင့် ချိတ်ဆက်နေသည့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများအား ယခုတစ်ကြိမ်တွင်မူ သေချာပေါက်ရှင်းလင်းဖြေရှင်းကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းမှ သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတကာ ဥပဒေလက်အောက် ရာဇဝတ်မှုများမှ တပ်မတော်အား အစဉ်ဆိုသလို ထပ်ကြိမ်တစ်လဲလဲ လွတ်မြောက်သွားစေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်အားလည်း အဆုံးသတ်သွားစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတကာ တရားမျှတရေး နှင့် အထူးသဖြင့် ICC သည် အရေးကြီးလာမည်ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် အထက်တွင်ဖော်ပြထားသည့် အုပ်ချုပ်မှုစနစ်အား မြန်မာအာဏာပိုင်များမှ ဖျက်သိမ်းသွားစေရန်လည်း သေချာအောင် ဆောင်ရွက်ရပေမည်၊ ဤတွင် အားလုံးသော ခွဲခြားဆက်ဆံမှု နှင့် လွတ်လပ်စွာ သွားလာခွင့်အပေါ် ကန့်သတ်ချက်များအား ပယ်ဖျက်ခြင်း၊ နိုင်ငံသားဖြစ်ခွင့် နှင့် တရားဝင် အနေအထားတစ်ခုအား ပြန်လည်ပေးအပ်စေခြင်း၊ နိုင်ငံအတွင်းမှ အများပြည်သူ လူမှုဘဝအတွင်း ရိုဟင်ဂျာများအား အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်စေရန် အခွင့်ပေးခြင်း အစရှိသည်တို့ ပါဝင်ပေသည်။

ရိုဟင်ဂျာများ၏ အခြေအနေသည် ဆယ်စုနှစ်ပေါင်းများစွာကြာ၊ အထူးသဖြင့် ၂၀၁၂ ကတည်းကစတင်ပြီး ပိုမိုဆိုးရွားလာခဲ့သည်၊ သို့သော်ငြား ကမ္ဘာကြီးသည် မည်သည်ကိုမျှမဆောင်ရွက်ဘဲ လက်ပိုက်ရပ်ကြည့်နေခဲ့ပေသည်။ ယခုတစ်ကြိမ်တွင်မူ ဤတူညီသော အမှားအား ထပ်မံမပြုလုပ်တော့ရန် သေချာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

# ၁။ နိဂုံးနှင့်ထောက်ခံအကြံပြုချက်များ

မြန်မာစစ်တပ်၏ တပ်ဖြန့်မှု၊ ထို့ပြင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ရက် ကတည်းကစတင်ပြီး ရိုဟင်ဂျာလူထုအပေါ် စနစ်တကျစီစဉ် တိုက်ခိုက်မှုများသည် စင်စစ် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၌ လုံခြုံရေး တပ်စခန်းများအပေါ် ARSA ၏ တိုက်ခိုက်မှုများအပြီး ရိုဟင်ဂျာများအပေါ် နည်းနည်းစီ နည်းနည်းစီဖြင့် အလားတူ ရက်စက်ယုတ်မာမှုများအား စစ်တပ်က ကျူးလွန်ခဲ့ပြီးသည့်နောက် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ မြန်မာအာဏာပိုင်များသည် ရိုဟင်ဂျာများ၏ ဘဝအား ရှုထောင့်ပေါင်းစုံမှ ထိခိုက်စေသည့် ခွဲခြားဆက်ဆံမှု နှင့် ပိုင်းခြားထားမှု စနစ်အား ရခိုင်ပြည်နယ်တွင် ပြဌာန်းကျင့်သုံးရာမှ အထက်တွင် ဖော်ပြသော လူသားမျိုးနွယ်စုအပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုအဖြစ် တိုးပွားကြီးထွားလာပြီးသည့်နောက်တွင် လက်ရှိအခြေအနေများ ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်လေသည်။ ထို့ပြင် နိုင်ငံ၏ အခြားသော အစိတ်အပိုင်းများရှိ လူနည်းစု တိုင်းရင်းသားများအပေါ် အလားတူ အကြမ်းဖက်မှုများအား မြန်မာစစ်တပ်က ဆယ်စုနှစ်ပေါင်းများစွာကြာ ကျူးလွန်ခဲ့ပြီး၊ မြန်မာနိုင်ငံအတွင်းဖြစ်စေ နိုင်ငံရပ်ခြား၌ဖြစ်စေ မည်သည့်တာဝန်ယူမှုမျှမရှိသည့်နောက် ဤအခြေအနေအထိ ဖြစ်ပေါ်ရောက်ရှိလာခဲ့ရပေသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ရက် မနက်ခင်းအစောပိုင်းတွင် ARSA သည် စနစ်တကျ ကြိုတင်စီစဉ်ထားသော တိုက်ခိုက်မှုများအား ဆောင်ရွက်ခဲ့သည်မှာ သေချာပေသည်။ နှိုင်းရအားဖြင့် သေးငယ်သော်လည်း အဓိကကျသော တိုက်ခိုက်ရေးသမားများ ပါရှိသော ၎င်းအုပ်စုငယ်ထဲတွင် သေနတ်များ သို့မဟုတ် ဖောက်ခွဲရေးကိရိယာများ (IED များ) ရှိနေခဲ့ပြီး၊ အချို့သော ကျေးရွာများတွင် ဒါဇင်နှင့်ချီသော တစ်ခါတစ်ရံတွင် ရာနှင့်ချီသော ဓား သို့မဟုတ် တုတ် ကိုင်ဆောင်ထားသည့် ရိုဟင်ဂျာ အမျိုးသားများသည် ၎င်းတို့နှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည်။ ARSA သည် အများအားဖြင့် လုံခြုံရေးတပ်စခန်းများအား ပစ်မှတ်ထားခဲ့သည်။ သို့သော်လည်း အဆိုပါသော တိုက်ခိုက်မှုများအပြီး ရက်ပေါင်းများစွာအကြာတွင် ၎င်း၏တိုက်ခိုက်ရေးသမားများသည် တိုင်းရင်းသား မြို နှင့် ရခိုင် ကျေးရွာများ တော်တော်များများကို မီးရှို့ ဖျက်ဆီးခဲ့ပြီး၊ အနည်းဆုံး ကျေးရွာ သုံးရွာမှ ဟိန္ဒူ နှင့် တိုင်းရင်းသား မြို အသိုင်းအဝိုင်းများမှ အမျိုးသားများ၊ အမျိုးသမီးများ နှင့် ကလေးများကိုလည်း သတ်ဖြတ်ခဲ့လေသည်၊ ဤတွင် ခမောင်းဆိပ် ကျေးရွာစုမှ ဟိန္ဒူ အသိုင်းအဝိုင်းအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုသည်လည်း အပါအဝင်ဖြစ်သည်။ ဤတိုက်ခိုက်မှုများမတိုင်မီ လပေါင်းများစွာ မတိုင်မီက ARSA သည် အာဏာပိုင်များထံသို့ သတင်းပေးနေသည်ဟု ၎င်းတို့ ယူဆသော ရိုဟင်ဂျာ အနည်းဆုံး နှစ်ဒါဇင်လောက်အားလည်း ဥပဒေမဲ့ သတ်ဖြတ်ခဲ့သည်။

ဩဂုတ်လ ၂၅ရက် ဖြစ်စဉ်အပြီးနောက် တပ်မတော်မှဦးဆောင်သော စစ်ဆင်ရေးများသည် စင်စစ် ARSA ၏ ခြိမ်းခြောက်မှုများအား တုံ့ပြန်ရန်အတွက် လိုအပ်သည်ထက် အတိုင်းထက်အလွန်ဖြစ်နေခဲ့လေသည်။ ၎င်းစစ်ဆင်ရေးများသည် မြောက်ပိုင်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူထုအား အပြစ်ပေးရန်၊ နိုင်ငံအတွင်းမှ ၎င်းတို့အား မောင်းထုတ်ရန် ရည်ရွယ်ဆောင်ရွက်သော လူသတ်မှု၊ မုဒိန်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် ဖျက်ဆီးမှုများဖြင့် စနစ်တကျ စီစဉ်ထားသည့် လှုပ်ရှားမှုဖြစ်စဉ်တစ်ခုအဖြစ်သို့ ဦးတည်လာခဲ့သည်။ စစ်သားများ နှင့် ရဲများသည် ကျေးရွာတော်တော်များများ၌ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုများအား ဆောင်ရွက်နေစဉ်အတွင်း အမျိုးသားများ နှင့် ယောကျ်ားလေးများအား စီတန်းစေကာ မင်းမဲ့စရိုက်ဆန်စွာဖြင့် သတ်ဖြတ်ခဲ့ကြသည်။ ဒေသတစ်ဝှမ်းရှိ ကျေးရွာများ၌ မိမိတို့ နေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ကြသော အမျိုးသားများ၊ အမျိုးသမီးများ နှင့် ကလေးများအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြသည်။ အမျိုးသမီးများ နှင့် မိန်းကလေးများအပေါ် အတင်းအဓ္ဓမပြုကျင့်မှု နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ ထိန်းသိမ်းရေးဆိုင်ဒ်နေရာများတွင် အမျိုးသားများ နှင့် ယောကျ်ားလေးများအား ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသည့် ရိုဟင်ဂျာများ အပါအဝင် နယ်စပ်ဧရိယာ၌ လူများအား ထိခိုက်ဒဏ်ရာရ၊ သေစေနိုင်သည့် မြေမြှုပ်မိုင်းများအား ချထားခဲ့သည်။ ထို့ပြင် မြောက်ပိုင်း ရခိုင်ပြည်နယ်တစ်ဝှမ်း ရာနှင့်ချီသော ကျေးရွာများအား စနစ်တကျ မီးရှို့ ဖျက်ဆီးခဲ့ပြီး၊ အချို့သော အခြေအနေများတွင်မူ ၎င်းနေအိမ်များ၌ လူများ ကျန်ရှိနေသေးလျက်ပင် မီးလောင် တိုက်သွင်းခဲ့သည်။ ၎င်းတို့၏ ရလဒ်အနေဖြင့် ဩဂုတ်လ ၂၅ ရက်နေ့ ကတည်းကစတင်ပြီး ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားကြသော ရိုဟင်ဂျာများသည် ၇၀၀,၀၀၀ ကျော်အထိ ရှိလာခဲ့ပေသည်။ ၎င်းတို့သည် အစောပိုင်း မြန်မာ့လုံခြုံရေးတပ်များ၏ လက်ချက်ကြောင့် သေဆုံး၊ ပျက်စီးမှုများမှ ထွက်ပြေးလာခဲ့သည့် ထောင်နှင့်ချီသော ရိုဟင်ဂျာ ဒုက္ခသည်များဖြင့် ပူးပေါင်းမိကြလေသည်။

Amnesty International အနေနှင့် ကောက်ချက်ဆွဲသုံးသပ်သည်မှာ ဤအစုလိုက်အပုံလိုက်သော ရာဇဝတ်မှုများသည် ထိန်းချုပ်မှု မဲ့နေသည့် စစ်သားများ သို့မဟုတ် ယူနစ်များ သို့မဟုတ် အထက်အမိန့်အား လက်တစ်လုံးခြား လှည့်ဖြားသူများ၏ ဆောင်ရွက်မှုများ မဟုတ်နိုင်ပေ။ ကနဦး အရေးပေါ် အခြေအနေ အတွက် အကြမ်းဖက်မှုဆိုင်ရာလှုပ်ရှားမှုဖြစ်စဉ်ကာလအတွင်းဖြစ်စေ ၎င်းနောက်ပိုင်းလပေါင်းများစွာသောကာလအတွင်းဖြစ်စေ ဤဆောင်ရွက်ချက်များ အား ကျယ်ပြန့်သော ပထဝီမြေပြင်ဧရိယာတစ်ဝှမ်း အလွန်တူညီသော၊ တစ်ပုံစံတည်းနီးပါးဖြစ်သော အပြုအမူဖြင့် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်— ရိုဟင်ဂျာကျေးရွာများ ဆက်လက်၍ ဖျက်ဆီးခံနေရပြီး၊ လုံခြုံရေးတပ်များသည်လည်း ဈေးများအား မီးရှို့ ခြင်း သို့မဟုတ် လူအများ လယ်တောသို့ သွားရောက် လုပ်ကိုင်ခြင်းကို ပိတ်ဆို့ခြင်း အစရှိသည်တို့ကဲ့သော အပြုအမူများအား ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ရာ ထောင်သောင်းချီသော လူများအား မိမိတို့ အငတ်ဘေးနှင့်ရင်ဆိုင်မည်လား သို့မဟုတ် မိမိတို့၏နိုင်ငံအား စွန့်ခွာထွက်ပြေးမည်လားဟူသည့် ရွေးချယ်မှုနှစ်ခုအကြား တွန်းပို့၍ ကြိုတင် ခန့်မှန်းနိုင်သော သက်ရောက်မှုများသို့ ဦးတည်စေခဲ့ပေသည်။

နိုင်ငံတကာဥပဒေ လက်အောက်ရှိ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည် ရာဇဝတ်မှုများအတိုင်းအတာအထိ ဦးတည်လာသော ဤရာဇဝတ်မှုများအား မြန်မာ့တပ်မတော်၏ ရာထူးအမြင့်ပိုင်းများမှ ကြီးကြပ်ကွပ်ကဲပြီး၊ ခွင့်ပြုချက်ပေးခဲ့ခြင်းဖြစ်ကြောင်း ခိုင်မာသည့် သက်သေအထောက်အထားများ ရှိပေသည်။ Amnesty International အပါအဝင် မကြာသေးခင်ကသော လူထု အစီရင်ခံစာများ မည်သို့ပင်ရှိခဲ့သော်ငြား ကာကွယ်ရေးဦးစီးဌာနချုပ်သည် ရှမ်းပြည်နယ် မြောက်ပိုင်းမှ စစ်ရာဇဝတ်မှုများဖြင့် ချိတ်ဆက်နေသည့် ခြေလျင်တပ်ရင်း ဌာနခွဲအမှတ် ၃၃ နှင့် အမှတ် ၉၉ တို့အား ဩဂုတ်လ အလယ်လောက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဖြန့်ကျက်ထားရန် ဆုံးဖြတ်ခဲ့သည်။ လက်တွေ့ မြေပြင်ပေါ်မှ တပ်မှူးများသည် ARSA လှုပ်ရှားမှုများအား တုံ့ပြန်သည့် အနေနှင့် ရိုဟင်ဂျာ ကျေးရွာများအား အပြစ်ပေးမည်ဟု ပေါ်တင်ပင် ခြိမ်းခြောက်လာခဲ့သည်၊ အပြစ်ပေးရန် အမိန့်များအား ကိုးကားအသုံးပြုလာခဲ့သည်၊ ၎င်းနောက်တွင်မူ အဆိုးရွားဆုံးသော နည်းလမ်းများအသုံးပြုသည့် ဤအခြင်းအရာများ ဖြစ်ပေါ်လာခဲ့ပေသည်။ မြန်မာ့ တပ်မတော်၏ မူစည်းမျဉ်းအရ တိုက်ပွဲဌာနခွဲ ယူနစ်များသည် မိမိတို့၏ အမိန့်တွဲများအား မကြာခဏဆိုသလို အထက်သို့ ပြန်လည်အစီရင်ခံရမည် ဖြစ်ပြီး၊ ၎င်းတို့အချင်းချင်းကြား ဆက်သွယ်ဆောင်ရွက်မှု မပြုလုပ်နိုင်ပေ။ သို့ဖြစ်ရာ မြောက်ပိုင်းရခိုင်တစ်ဝှမ်း တပ်မှူး အသီးသီး နှင့် ယူနစ်ခွဲ အသီးသီးတို့သည် တစ်ချိန်တည်းတွင်

INDEX: ASA 16/8630/2018
JUNE2018
LANGUAGE: BURMESE
amnesty.org

တူညီသောပုံစံဖြင့် ကျေးရွာများအား ရှင်းလင်းပစ်ရန် ဆုံးဖြတ်ခြင်း၊ ထွက်ပြေးသူများအား သေနတ်ပစ်ခတ်ခြင်း နှင့် ကျန်ရှိနေသည့်အရာ မှန်သမျှအား မီးရှို့ဖျက်ဆီးပစ်ခြင်း အစရှိသည်တို့သည် အမိန့်ရထားခြင်းမရှိဘဲ သို့မှမဟုတ် အနည်းဆုံးအနေနှင့် ဤစနစ်တကျ စီစဉ်ထားသော ရာဇဝတ်မှုများအား ၎င်းတို့၏ အထက်လူကြီး တပ်မှူးများက မသိရှိဘဲ ဆောင်ရွက်ရန် ဆိုသည်မှာ လက်ခံနိုင်ဖို့ တော်တော် ခက်ခဲပေသည်။ မြောက်ပိုင်း ရခိုင်ပြည်နယ် စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ကြသည့် တပ်မှူး တော်တော်များများသည် ၂၀၁၈၊ ဇန်နဝါရီလ၌ ရာထူးတိုးမြင့်မှုများ လက်ခံရရှိခဲ့ရာ ဤသည်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းမှ မည်သို့ပင် ရှုံ့ချမှုများ ပြုလုပ်သော်ငြား အဆိုပါသော စစ်ဆင်ရေးများ—၎င်းတို့နှင့် သက်ဆိုင်နေသည့် ကျယ်ပြန့်စွာ အစီရင်ခံ တင်ပြထားသော ရာဇဝတ်မှုများ အပါအဝင်—အား ဆောင်ရွက်ရာတွင် ခွင့်ပြုချက် ရရှိခဲ့ကြောင်း ခိုင်မာစွာ ဖော်ပြနေခြင်းပင်ဖြစ်ပေသည်။

ဤရာထူးတိုးမှုများအား ကြည့်လျှင် မြန်မာအာဏာပိုင်များသည် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် လွတ်လပ်၍ ဘက်လိုက်မှုမရှိ၊ တိကျသေချာသော စုံစမ်းစစ်ဆေးမှုများအား ဆောင်ရွက်ရန် ဆန္ဒမရှိသည်ကို တွေ့ ရပေမည်၊ ဤတွင် တပ်မှူးများက လက်အောက်ငယ်သားများအား ဤရာဇဝတ်မှုများကို တိုက်ရိုက် ကျူးလွန်ရန် စေခိုင်းခြင်း၊ သို့မဟုတ် လက်အောက်ငယ်သားများက ရာဇဝတ်မှု ကျူးလွန်သည်ကို သိရှိထားသော်လည်း ၎င်းအား ကာကွယ်ရန် လိုအပ်သည့် သင့်တော်ရာ တိုင်းတာဆောင်ရွက်မှုများ ပြုလုပ်ဖို့ ပျက်ကွက်ခြင်း သို့မဟုတ် ပါဝင်ပတ်သက်နေသူများအား အပြစ်ပေးရန် ပျက်ကွက်ခြင်း အစရှိသည်တို့သည်လည်း အပါအဝင်ပင် ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်သည် အရပ်သားများ၏ စီရင်မှုမပါရှိဘဲ ၎င်းတို့၏ ကိုယ်ပိုင် တရားမျှတရေး စီရင်ချက်အား စီစဉ်ဆောင်ရွက်နိုင်သည်မှာ အံ့သြဖို့ကောင်းပေသည်။

အင်းဒင်တွင် ရိုဟင်ဂျာအမျိုးသား ၁၀ ဦးအား ဥပဒေမဲ့ သတ်ဖြတ်မှုအတွက် စစ်သား ခုနစ်ဦးအား စုံစမ်းစစ်ဆေး၊ စီရင်၊ တရားဆွဲထားပြီး အကျဉ်းချမှတ် ခဲ့ခြေရှိသော အခြေအနေမှာမူ ခြွင်းချက်အဖြစ်ရှိသော်ငြား ယနေ့အထိသော စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများသည် အပြစ်အား ဖုံးဖိခြင်း၊ စစ်သားများမှ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများမှန်သမျှအား ငြင်းဆန်ခြင်းဖြင့်သာလျှင် အဆုံးသတ်သွားသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၎င်း၏လူထုထံ ထုတ်ပြန်ချက်များအတွင်း၌ အဆိုပါသော အပြစ်ဖုံးဖိထားသည့် စုံစမ်းစစ်ဆေးမှု များမှ ရှာဖွေတွေ့ ရှိချက်များသည် *"မှန်ကန်စစ်မှန်ကြောင်း"* ထွက်ဆို ထားလေသည်။[2] အရပ်သား အာဏာပိုင်များသည်လည်း ပို၍ပင် လျစ်လျူရှုထားကြသေးသည်။ စစ်မှန်သော စုံစမ်းစစ်ဆေးမှုများအား ဆောင်ရွက်ရန် ပြည်နယ် အာဏာပိုင်များအား မှာကြားဖို့ ကြိုးစားရမည့်အစား နိုင်ငံတော်အကြံပေး ဒေါ်အောင်ဆန်းစုကြည်သည် နောက်ထပ်သော ရာဇဝတ်မှု သက်သေ အထောက်အထားများ အား တောင်းဆိုခဲ့လေသည်—စင်စစ် တစ်သမတ်တည်းသော သက်သေထွက်ဆိုချက်များ၊ ဂြိုလ်တု ရုပ်ပုံနှင့် ဒေတာအချက်အလက် များ၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများ၏ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများ နှင့် အတည်ပြုပြီးဖြစ်သော ဓာတ်ပုံများ နှင့် ဗီဒီယိုများအပါအဝင် အစုလိုက်၊ အပြုံလိုက်သော သက်သေအထောက်အထားများ ရှိနှင့်နေပြီးသားဖြစ်သော်လည်း ဤသို့တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ရာဇဝတ်မှုများ၏ အလေးချိန်ဆွဲအား၊ ထို့ပြင် နိုင်ငံတော် အာဏာပိုင်များမှ တရားမျှတမှုပေးရန် စိတ်ဆန္ဒမရှိမှု အစရှိသည်တို့ကြောင့်ဌာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) ထံသို့ ဤအခြေအနေအား ချက်ချင်းဆိုသလို လွှဲပြောင်းမှု ပြုလုပ်သင့်ပေသည်၊ သို့မှသာလျှင် စွဲချက်တင်မည့် ရှေ့နေရုံးခန်းသည် ရောမစာချုပ်နှင့်အညီ ရာဇဝတ်မှုများအား စတင် စုံစမ်းစစ်ဆေးနိုင်ပေမည်။ အဆိုပါသော လွှဲပြောင်းမှုတွင် ရခိုင်ပြည်နယ်တစ်ခုတည်းအတွက်သာလျှင် မဟုတ်ဘဲ နိုင်ငံတစ်ဝှမ်း အနည်းဆုံး ၂၀၁၁ ခုနှစ် လောက်ကစတင်ခဲ့သည့် ရာဇဝတ်မှုများအားလည်း အကျုံးဝင် ထည့်သွင်းသင့်ပေသည်။

လုံခြုံရေးကောင်စီ၏ နိုင်ငံရေးဆိုင်ရာသဘောထားများသည် စိန်ခေါ်မှုတစ်ရပ်အနေအဖြင့် ကာဆီးနေမည်ဖြစ်သော်ငြား နိုင်ငံတကာ အသိုင်းအဝိုင်းသည် ၎င်းအတွက်ကြောင့်ဌာ မြန်မာ့လုံခြုံရေးတပ်များ ၎င်းတို့၏ ဤအတိုင်းအတာပမာဏအထိသော ရာဇဝတ်မှုများမှ လွတ်မြောက်ခွင့်ရရှိနေသည်ကို ခွင့်မပြုသင့်ပေ။ စစ်တပ်၏ ကာလကြာရှည်စွာရရှိထားသော ပြစ်ဒဏ်ကင်းလွတ်ခွင့်၏ အကျိုးဆက်များသည်ပင် အားလုံးကို အရာမထင်ဖြစ်စေနင့်ပြီး ဖြစ်သည်။ ဥရောပသမဂ္ဂ နှင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) ကဲ့သို့သော ဒေသအလိုက် အဖွဲ့အစည်းများအနေနှင့်လည်း နိုင်ငံတကာ ဥပဒေလက်အောက်မှ ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်နေသည့် ရာထူးမြင့် အထက်ပိုင်းမှ အရာရှိများအပေါ် ပစ်မှတ်ထားကာ ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများ ချမှတ်သင့်ပေသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၌ ကုလသမဂ္ဂ လူ့အခွင့် အရေးဆိုင်ရာ ကောင်စီ အစည်းအဝေးအား ကျင်းပချိန်တွင် နိုင်ငံတကာ သို့မဟုတ် နိုင်ငံတကာအဆင့်ဖြင့်ဆောင်ရွက်ထားသည့် တရားရုံးများ သို့မှမဟုတ် နိုင်ငံတကာ စီရင်ပိုင်ခွင့်လက်အောက်မှ ပြည်တွင်းရေးရာ စီရင်မှုများ အစရှိသည်တို့တွင် အသုံးပြုနိုင်ရန်အတွက် သက်သေအထောက်အထားများအား စုဆောင်း ထိန်းသိမ်းထားနိုင်ခွင့်၊ ရာဇဝတ်မှုများအား စွဲဆိုတည်ဆောက်နိုင်ခွင့် အစရှိသည့် အခွင့်အာဏာ၊ စွမ်းရည်တို့ရရှိထားသော အဖွဲ့အစည်း တစ်ခုအားလည်း ဖွဲ့စည်းသင့်ပေသည်။

ဘင်္ဂလားဒေ့ရှ်ရှိ စခန်းများ သို့မဟုတ် အိမ်ရှင် ရပ်ရွာအသိုင်းအဝိုင်းများထံတွင် ခိုလှုံနေသည့် ရိုဟင်ဂျာ ဒုက္ခသည် ၉၀၀,၀၀၀ ၏ အခြေခံလိုအပ်ချက် များအားလည်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ဘက်ပေါင်းစုံမှ အတူတကွ ပါဝင်ဆောင်ရွက်ရပေမည်။ လူ့အခွင့် အရေးဆိုင်ရာ ဥပဒေ၊ စံချိန်စံညွှန်းများနှင့် တစ်ညီတည်းရှိသော စံသတ်မှတ်ချက်ပေါ်တွင် အခြေခံပြီး ခွဲခြားဆက်ဆံမှုများ မခံရသော နိုင်ငံသား တစ်ဦးဖြစ်စေခြင်း အပါအဝင် အထက်တွင် ဖော်ပြထားသည့် အုပ်ချုပ်မှုစနစ်အား ဖျက်သိမ်းပေးရန် နှင့် လွတ်လပ်စွာ သွားလာခွင့်အပေါ် ပြဌာန်း ကန့်သတ်ချက်များအား ဖယ်ရှားပေးရန်အတွက်လည်း မြန်မာအာဏာပိုင်များထံ တောင်းဆိုရပေမည်။ ရိုဟင်ဂျာများ၏ မိမိနိုင်ငံသို့ နေရပ်ပြန်ရန် အခွင့် အရေးအား လေးစားသမှုထားပြီး၊ အကာအကွယ်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ အခြေအနေများသည် တည်ငြိမ်လာပြီး လူအများအား မိမိဆန္ဒ အလျောက် ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာဖြင့် နေရပ်ပြန်နိုင်ခွင့်ပြုချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်းသည်လည်း ၎င်းတို့ ထိုသို့ ဆောင်ရွက် စေနိုင်ရန်အတွက် အကူအညီပေးသင့်ပေသည်။ နိုင်ငံအတွင်းမှ ဖွံ့ ဖြိုး တိုးတက်မှုများသည် ရေရှည်ခံဆောင်နိုင်မှု ရှိကြောင်း သေချာစေရန်၊ ထို့ပြင် နေရပ်ပြန်လည်ရေးအား ပိုမိုခက်ခဲစေမည့် သို့မဟုတ် ခွဲခြားဆက်ဆံမှု နှင့် ပိုင်းခြားထားမှုအား တည်တံ့စေမည့် ဆောက်လုပ်မှုများ သို့မဟုတ် အခြားသော လှုပ်ရှားမှုများတွင် ပံ့ပိုးထောက်ပံ့ခြင်းမပြုကြောင်း သေချာစေရန် အစရှိသည်တို့အတွက် အလှူရှင်နိုင်ငံများသည် ရခိုင်ပြည်နယ်ရှိ ပရောဂျက် စီမံကိန်းများတွင် မိမိတို့၏ ပံ့ပိုးထောက်ပံ့မှုအား ငြင်သာစွာ ဂရုတစိုက်ဖြင့် ကြည့်ရှုစစ်ဆေးမှု ပြုသင့်ပေသည်။

ဩဂုတ်လ ၂၅ ရက်အပြီး ဆယ်လအကြာတွင် တပ်မတော်သည် ၎င်း၏ တိုင်းရင်းသား ရှင်းလင်းဖယ်ရှားရေး လှုပ်ရှားမှုဖြစ်စဉ်အား ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပေသည်။ ၎င်းတာဝန်ရှိသူများအား တာဝန်ယူစေခြင်းဖြင့် အနာဂါတ်တွင် လုံခြုံအန္တရာယ်ကင်း၍ ဂုဏ်သိက္ခာရှိစွာဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်နိုင်မည့် လမ်းအား ဖောက်လုပ်ပေးရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းသည် တပ်မတော်၏ ၎င်းအောင်မြင်မှု ဆက်လက် တည်တံ့ရှိမနေဖို့ သေချာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

[2] ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ Facebook ပို့စ်တ်၊ *ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် UNSC ၏ အမြဲတမ်း သံအဖွဲ့များအကြား ဆွေးနွေးချက်၊* ၂၀၁၈ ခုနှစ်၊ မေလ ၄ရက်။

# 1.1 ထောက်ခံအကြံပြုချက်များ

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံသို့

- မြန်မာနိုင်ငံ၏ အခြေအနေအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်၊
- လက်နက်များ၊ စစ်လက်နက် ခဲယမ်းကျောက်များ နှင့် အခြားသော စစ်ဘက်ဆိုင်ရာ နှင့် လုံခြုံရေး ကိရိယာများ အားလုံးအား ပို့ဆောင်မှု နှင့် သဘောၤတင်ပို့မှု၊ ထို့ပြင် စစ်သင်တန်းပို့ချခြင်း နှင့် အခြားသော စစ်ဘက်ဆိုင်ရာ နှင့် လုံခြုံရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများ အစရှိသည်တို့ အပါအဝင် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ထောက်ပံ့မှု၊ ရောင်းချမှု နှင့် လွှဲပြောင်းမှုများ အစရှိသည်တို့ အကျုံးဝင်သည့် အလုံးစုံသော လက်နက်ရောင်းချမှုပိတ်ဆို့ရေးအား မြန်မာနိုင်ငံအပေါ် ချမှတ်ရန်၊
- ပြင်းထန်သော ချိုးဖောက်မှုများ နှင့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသည့် ရာထူးမြင့် အထက်ပိုင်း အရာရှိများအပေါ် ပစ်မှတ်ထားကာ ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများ ချမှတ်ရန်၊ နှင့်
- မြန်မာနိုင်ငံရှိ အခြေအနေများနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာသော ပုံမှန် လူထု တွေ့ဆုံစည်းဝေးပွဲများအား ကျင်းပရန်၊ နှင့် ဖြေရှင်းမှုနည်းလမ်း တစ်ခု သို့မဟုတ် ဖြေရှင်းမှုနည်းလမ်းများအား လိုအပ်သလို ကျင့်သုံးဆောင်ရွက်သွားရန်၊ ထို့ပြင် အောက်ဖော်ပြပါတို့နှင့်ပတ်သက်ပြီး မြန်မာ အာဏာပိုင်များထံသို့ ပြတ်သားသော အမှာစကားတစ်ခွန်းအား ပေးပို့ရန် - ကန့်သတ်တားမြစ်မှုများ မရှိသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ဝင်ရောက်မှုများအား ခွင့်ပြုပေးရန်၊ UN အချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) အပါအဝင် လွတ်လပ်သော စုံစမ်းစစ်ဆေးသူများ အတွက် သံခြေချင်းချုပ်ထားခြင်း မရှိသော ဝင်ရောက်မှုအား ခွင့်ပြုပေးရန်၊ ရာဇဝတ်မှုနှင့်အညီ တာဝန်ရှိသည့် ပြစ်မှုကျူးလွန်သူများအပေါ် ပြစ်ဒဏ်ခံယူစေရန် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုများအား ပံ့ပိုးပေးရန်၊ ရိုဟင်ဂျာများ ရင်ဆိုင်နေရသည့် လွတ်လပ်စွာသွားလာခွင့် ကန့်သတ်ချက်များ အပါအဝင် ရခိုင်ပြည်နယ်ရှိ အထက်ဖော်ပြပါသော အုပ်ချုပ်မှုစနစ်အား ဖျက်သိမ်းပေးရန်၊ နောက်ဆုံးအနေနှင့် အားလုံးသော ရိုဟင်ဂျာ ဒုက္ခသည်ခိုလှုံသူများသည် မိမိတို့၏နေအိမ်သို့ လုံခြုံအန္တရာယ်ကင်းစွာ မိမိဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာဖြင့် နေရပ်ပြန်နိုင်ခွင့်ကို ခွင့်ပြုရန်။

## ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကောင်စီထံသို့

- UN အချက်အလက်ရှာဖွေရေး မစ်ရှင်၏ နောက်ဆုံး အစီရင်ခံချက်အား နောက်ဆက်တွဲလုပ်ဆောင်မှုတစ်ခုအနေနှင့် ၃၉ ကြိမ်မြောက် အစည်း အဝေးတွင် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ၊ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေ၊ စစ်ဘက်ဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ၊ လိင်ပိုင်း ဆိုင်ရာ နှင့် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အခြားသော အကြမ်းဖက်မှုများ၊ ဗီဒီယို နှင့် ရုပ်ပုံ အတည်ပြုချက်များ နှင့် မှုခင်းဆေးပညာ သုံးသပ်ချက်များ အစရှိသည်တို့အသီးသီးတွင် ကျွမ်းကျင်သည့် နိုင်ငံတကာမှ လွတ်လပ်သော ကျွမ်းကျင်သူများအား ခန့်အပ်ထားသည့် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုအဖွဲ့အား ဖွဲ့စည်းခဲ့ပေသည်။ စုံစမ်းစစ်ဆေးမှု ယန္တရားတွင် အောက်ဖော်ပြပါ ပြဌာန်းသတ်မှတ်ချက်များအား ဖြည့်ဆည်းရန်အတွက် ငွေကြေး နှင့် နည်းပညာပိုင်းအပါအဝင် လုံလောက်သော အရင်းအမြစ်များရှိကြောင်း သေချာအောင်ဆောင်ရွက်ထားပေသည် -
    - ရခိုင်ပြည်နယ် နှင့် ကချင်ပြည်နယ်၊ ရှင်းပြည်နယ်မြောက်ပိုင်းတို့ရှိ အခြေအနေများအပေါ် အထူးအာရုံပြု ဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေများအား စောင့်ကြည့်၊ အစီရင်ခံရန်၊ နှင့် အခြေအနေများ နောက်ထပ် ဆိုးရွားလာမှု အား တားဆီးရန်အတွက် ထောက်ခံအကြံပြုချက်များ ပြုလုပ်ရန်၊
    - ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ အခြေအနေများအပေါ် အထူး အာရုံစိုက် ဆောင်ရွက်မှု နှင့်အတူ နိုင်ငံတကာဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ၏ အချက်အလက်များ နှင့် အခြေအနေများအား ဆုံးဖြတ်၊ အစီရင်ခံရန်၊ ၎င်းရာဇဝတ်မှုများအတွက် သက်သေအထောက်အထားများ အား စုဆောင်း၊ ခိုင်မာအောင်ဆောင်ရွက်၊ ထိန်းသိမ်းထားပြီး လေ့လာဆန်းစစ်မှုပြုလုပ်ရန်၊ ထို့ပြင် အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ရှိသူ တစ်ဦးတစ်ယောက်စီ နှင့်အတူ အထက်မှအမိန့်ချမှတ်မှု မူစည်းမျဉ်းအရ တိုက်ရိုက်တာဝန်ရှိသူ သို့မဟုတ် အခြားသော အထက်လူကြီးပိုင်းဆိုင်ရာ တာဝန်ယူမှုများအား ထုတ်ပြန်ရန်၊
    - သေဒဏ်ပေးမှု ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတကာ တရားမျှတမှု စံချိန်စံညွှန်းများဖြင့် ပြည့်မီကိုက်ညီမှုရှိသည့် အနာဂါတ် တရားစီရင်ရေး နှင့် စီရင်ခွင့် ယန္တရားများအား အသုံးပြုနိုင်မည့် ရာဇဝတ်မှု ဥပဒေ စံချိန်စံညွှန်းများနှင့်အညီ သက်သေ အထောက်အထား စီမံဆောင်ရွက်မှု စနစ် နှင့် အမှုတည်ဆောက်မှုများအား ထုတ်ပြန်သွားရန်၊ နှင့်
    - UN အချက်အလက်ရှာဖွေရေး မစ်ရှင်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် အစရှိသည်တို့ထံမှ အချက်အလက်များအား ရယူခြင်း အပါအဝင် မြန်မာနိုင်ငံအစိုးရ နှင့်၊ နိုင်ငံတကာ နှင့် ဒေသဆိုင်ရာ ယန္တရားများအကြား ညှိနှိုင်းတိုင်ပင် ဆောင်ရွက်သွားရန်။
- UN အချက်အလက်ရှာဖွေရေး မစ်ရှင်၏ နောက်ဆုံး အစီရင်ခံချက်အား တင်ပြပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းအား UN အထွေထွေ ညီလာခံ နှင့် UN လုံခြုံရေး ကောင်စီတို့ထံသို့ တရားဝင် ပေးပို့သွားပေမည်၊
- အကြိမ် ၄၀ မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများအပေါ် အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့် အာဏာအား တိုးချဲ့ပေးပြီး၊ အစိုးရအနေနှင့် သူမအား ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့် ဆုံးဖြတ်ချက်အား ပြန်လည်ပြင်ဆင်ပေးခြင်း အပါအဝင် သူမနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားဖို့ တိုက်တွန်းအပ်ပေသည်၊ ထို့ပြင်
- အကယ်၍ အစိုးရသည် အထူးကိုယ်စားလှယ် နှင့် အခြားသော UN လူ့အခွင့်အရေးဆိုင်ရာများဖြင့် ပူးပေါင်းလုပ်ဆောင်ရန် ဆက်လက် ငြင်းဆန် နေခဲ့လျှင်မူ နိုင်ငံအတွင်းရှိ ပျက်စီးယိုယွင်းနေသော လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများအား ဖြေရှင်းနိုင်မည့် နောက်ထပ် နည်းလမ်းများအား ရှာဖွေရမည်ဖြစ်သည်။

## ကုလသမဂ္ဂ အထွေထွေညီလာခံ ထံသို့

- UNGA တတိယ ကော်မတီတွင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေများအတွက် အလုံးစုံပါဝင်သော ဖြေရှင်းမှုနည်းလမ်း တစ်ခုအား ကျင့်သုံး ဆောင်ရွက်ရပေမည်။ အဆိုပါဖြေရှင်းမှုနည်းလမ်းတွင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် အနိုင်ကျင့်မှုများအား ပြင်းထန်စွာ ရှုတ်ချခြင်း၊ အဆိုပါသော အနိုင်ကျင့်မှုများအတွက် နိုင်ငံတကာ၏ တာဝန်ခံယူမှုအား ခေါ်ဆိုခြင်း၊ နှင့် ရခိုင်ပြည်နယ် နှင် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ အခြေအနေများအတွက် အထူး ကိုးကားချက်များပြုလုပ်ခြင်း အစရှိသည်တို့ ပါဝင်ပေမည်။

## ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် နှင့် မြန်မာနိုင်ငံရှိ UN အဖွဲ့ ထံသို့

- မြန်မာနိုင်ငံနှင့်ပတ်သက်သည့် UN ၏ စီစဉ်ဆောင်ရွက်မှုများ အားလုံးတွင် လူ့အခွင့်အရေးများအား လုံလောက်ထင်ရှားစွာ ပေးအပ်ထားကြောင်း သေချာအောင် ဆောင်ရွက်ပြီး၊ လူ့အခွင့်အရေး ရှေ့ရှု ကနဦးလုပ်ရှားမှုများအား စီမံလည်ပတ်ရန် အတွက် အလုံးစုံပါဝင်သော အစီအစဉ် တစ်ခုအား ရေးဆွဲရပေမည်။ ဤတွင် အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် သတ်မှတ်အချိန်ဇယားများ၊ အောင်မြင်မှုအား တိုင်းတာရန် ရှင်းလင်းစွာ သတ်မှတ်ထားသည့် တိုင်းတာကိရိယာများ နှင့် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား တားဆီးရန်၊ တုံ့ပြန်ရန်အတွက် ဒီဇိုင်းရေးဆွဲထားသည့် အစောပိုင်း သတိပေးချက် ယန္တရားတစ်ခုတို့ ပါဝင်သင့်ပေသည်။
- ကုလသမဂ္ဂ၊ လူ့အခွင့်အရေး စံချိန်စံညွှန်းများ နှင့် အလုံးစုံသော ကုလသမဂ္ဂ အခွင့်အာဏာများအား ထိန်းသိမ်းရန် မိမိတို့၏ တာဝန် ဝတ္တရားအား သတိပြုမိကြောင်း သေချာစေရန်အတွက် ရာထူးအဆင့် အားလုံးမှ UN ဝန်ထမ်းများအတွက်၊ ထို့ပြင် မြန်မာနိုင်ငံတွင် လည်ပတ်နေသည့် အားလုံးသော လုပ်ငန်းလည်ပတ်မှု အေဂျင်စီများ တစ်ဝှမ်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချမှုများအား မြင့်တင်ဆောင်ရွက်ရပေမည်။
- နိုင်ငံတကာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ မြန်မာနိုင်ငံရှိ အနိုင်ကျင့်နှိပ်စက်မှုများ အစရှိသည်တို့အတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေး၊ တရားစွဲ၍ တရားမျှတမှုအား ရရှိစေရန်အတွက် ICC သို့မဟုတ် အခြားသော UN ယန္တရားတစ်ခုခုဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ အချက်အလက်များ နှင့် စာရွက်စာတမ်းများ အားလုံးသို့ ဝင်ရောက်ရယူနိုင်ခွင့် အပါအဝင် ICC သို့မဟုတ် အခြားသော ယန္တရားမှ တောင်းဆိုမှုများ မှန်သမျှအား ချက်ချင်း တုံ့ပြန်ဆောင်ရွက်ပေးရပေမည်။ ထို့ပြင်
- အပြည့်အဝသော ကာကွယ်မှု နှင့် မြင့်တင်မှု ပြဌာန်းချက်များနှင့်အတူ OHCHR ရုံးခန်းတစ်ခုအား အစောဆုံး အခွင့်အလမ်းဖြင့် ဖွဲ့စည်းနိုင်စေရန် စီစဉ်ပေးပြီး၊ နိုင်ငံတစ်ဝှမ်း သွားလာခွင့်အား ပေးအပ်ရန်အတွက် မြန်မာအစိုးရမှ သဘောတူလာစေဖို့ တောင်းဆိုရပေမည်။

## ဥရောပသမဂ္ဂ နှင့် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ (ASEAN) အပါအဝင် ဒေသအလိုက် အုပ်စုအဖွဲ့များ ထံသို့

- ပြင်းထန်သော ချိုးဖောက်မှုများ နှင့် ရာဇဝတ်မှုများအတွက် မြန်မာ ရာထူးအကြီးပိုင်း အရာရှိဝန်ထမ်းများအပေါ် ပစ်မှတ်ထားကာ ငွေကြေး ဆိုင်ရာ ပိတ်ဆို့မှုများ ချမှတ်ရပေမည်။

## နိုင်ငံတကာ အသိုင်းအဝိုင်း တစ်ခုလုံး နှင့် မြန်မာ၏ ပါတနာများဖြစ်ကြသည့် အဓိကအားဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ တရုတ် နှင့် အိန္ဒိယ နိုင်ငံများထံသို့ -

- လက်နက်များ၊ စစ်လက်နက် ခဲယမ်းကျောက်များ နှင့် အခြားသော စစ်ဘက်ဆိုင်ရာ နှင့် လုံခြုံရေး ကိရိယာများ အားလုံးအား ပို့ဆောင်မှု နှင့် သင်္ဘောတင်ပို့မှု၊ ထို့ပြင် စစ်သင်တန်းပို့ချခြင်း နှင့် အခြားသော စစ်ဘက်ဆိုင်ရာ နှင့် လုံခြုံရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများ အစရှိသည်တို့ အပါအဝင် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ထောက်ပံ့မှု၊ ရောင်းချမှု နှင့် လွှဲပြောင်းမှုများ အစရှိသည်တို့အား ချက်ချင်း ဆိုင်းငံ့ထားရပေမည်၊
- နိုင်ငံတကာဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများအား ချက်ချင်း အဆုံးသတ်ရန် မြန်မာအာဏာပိုင်များအား တိုက်တွန်းရန်၊ ရခိုင်ပြည်နယ်အတွင်းသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများ နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးသူများအား ဝင်ရောက်ခွင့်ပြုရန်၊ ထို့ပြင် ရိုဟင်ဂျာ ဒုက္ခသည်များ မိမိတို့၏ နေအိမ်များသို့ မိမိဆန္ဒအလျောက် လုံခြုံအန္တရာယ် ကင်းစွာဖြင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှု နှင့် ပိုင်းခြားထားမှုတို့အား အသုံးပြုသည့် အုပ်ချုပ်မှုစနစ်အား ပယ်ဖျက်ခြင်း အပါအဝင် လိုအပ်သော သတ်မှတ်ချက်များအား ထုတ်ပြန်သွားရန် အစရှိသည်တို့အတွက် နှစ်နိုင်ငံဆွေးနွေးမှု၊ နိုင်ငံပေါင်းစုံ ပါဝင်ဆွေးနွေးမှု နှင့် ဒေသအလိုက် ဆွေးနွေးမှု ပလက်ဖောင်းများအား အသုံးပြုရပေမည်၊
- မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် အနိုင်ကျင့်မှုများအား စုံစမ်းစစ်ဆေးရန်၊ သက်သေအထောက်အထားများ စုဆောင်း၊ ထိန်းသိမ်းရန် နှင့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုအတွက် အမှုပြင်ဆင်ရန် အစရှိသည်တို့အတွက်ငှာ UN ယန္တရားတစ်ခုအား ဖွဲ့စည်းမည်ကို ပံ့ပိုးထောက်ပံ့မည်ဖြစ်ကြောင်း ဖွင့်ဟပြီး၊ ၎င်းအတွက် ငွေကြေး၊ နည်းပညာ နှင့် အခြားသော ပံ့ပိုးထောက်ပံ့မှုများ ပြုလုပ်ရန် ကတိပြုရပေမည်၊
- ဤအစီရင်ခံစာအတွင်း အမည်ပြုထားသည့် ပုဂ္ဂိုလ်များ အပါအဝင် မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုများ သို့မဟုတ် နိုင်ငံတကာ ဥပဒေလက်အောက်ရှိ အခြားသော ရာဇဝတ်မှုများအား ကျူးလွန်သည်ဟု ကျိုးကြောင်းသင့်လျော်စွာ သံသယ ဖြစ်ဖွယ် သောသူများ မှန်သမျှအား စုံစမ်းစစ်ဆေးရန်အတွက်ငှာ ကမ္ဘာလုံးဆိုင်ရာ နှင့် အခြားသော တရားစီရင်ရေးပုံစံများအား ကျင့်သုံးရပေမည်။ လုံလောက်၍ လက်ခံနိုင်သော သက်သေအထောက်အထားများ တွေ့ ရှိရချိန်တွင် ၎င်းသံသယရှိသူအား သေဒဏ်ပေးခြင်း ချမှတ်မှုမပြုသည့် မျှတသော နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တရားစီရင်ရပေမည်၊ သို့မဟုတ် သံသယရှိသူအား တရားစီရင်ရေးသို့ လွှဲပြောင်းပေးရပေမည်။
- ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာ အကူအညီများ၊ ဖွံ့ ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ သို့မဟုတ် ငွေကြေး အထောက်အပံ့များအား စီစဉ်ရာတွင် ခွဲခြား ဆက်ဆံမှု၊ ပိုင်းခြားမှုများ မပြုဘဲ တန်းတူညီမျှစွာဖြင့် ဆောင်ရွက်ရမည်ဆိုသော အထူး သတ်မှတ်ချက်ပေါ်တွင် သေချာပေါက် လိုက်နာ စေရ မည်ဖြစ်သည်။ ၎င်းအကူအညီများအား အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် ရိုဟင်ဂျာ ဒုက္ခသည်များ လုံခြုံအန္တရာယ်ကင်းစွာဖြင့် မိမိဆန္ဒ အလျောက် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်လည်ရေးအား ပိုမိုခက်ခဲစေမည့် သို့မဟုတ် ခွဲခြားဆက်ဆံမှု နှင့် ပိုင်းခြားထားမှုအား တည်တံ့စေမည့်၊ ပံ့ပိုးထောက်ပံ့နေသည့် နည်းလမ်းများအား အသုံးမပြုကြောင်း သေချာစေရန် ဤစီမံကိန်း နှင့် ပံ့ပိုးထောက်ပံ့မှုများ အားလုံးအား သိမ်မွေ့ စွာ ဂရုတစိုက်ဖြင့် ကြည့်ရှုစစ်ဆေးမှု ပြုသင့်ပေသည်၊
- မြန်မာနိုင်ငံမှ ရိုဟင်ဂျာများ နှင့် အခြားသော ဒုက္ခသည်ခိုလှုံသူများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များအား ကူညီ ဖြည့်ဆည်းပေးရန်အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရထံသို့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု နှင့် ပံ့ပိုးမှုအား ထောက်ပံ့ပေးရပေမည်။



AMNESTY INTERNATIONAL

## မြန်မာနိုင်ငံရှိ အာဏာပိုင်များထံသို့

**တာဝန်ခံယူမှု နှင့် လုံခြုံရေးအပိုင်း ပြန်လည်ပြုပြင်ဖွဲ့ စည်းရေး**

- နိုင်ငံတကာဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်နေသည်ဟု သံသယရှိသော တစ်ဦးတစ်ယောက်စီ နှင့် ၎င်းတို့အား အမိန့်ပေးခဲ့သော သို့မဟုတ် အခြားသော အထက်လူကြီးဆိုင်ရာ တာဝန်ရှိ သူများအား စုံစမ်းစစ်ဆေး၊ စီရင်ရန် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းပြုရန်၊

- ICC ၏ ရောမစာချုပ်အား လိုက်လျောရန်၊ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ရက်နေ့ကတည်းက စတင်သော ICC ၏ တရားစီရင်ပိုင်ခွင့်အား လက်ခံကြောင်း ထုတ်ပြန်ကြေငြာချက်ပြုရန် နှင့် ၎င်း၏ ပြဌာန်းချက်များအား ပြည်တွင်း ဥပဒေအတွင်း ထည့်သွင်းပူးပေါင်းဆောင်ရွက်သွားရန်၊

- နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြားသော ရက်စက်မှုများ၊ လူမဆန်မှု သို့မဟုတ် နှံဖျင်းနိမ့်ကျသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုတို့အပေါ် ဆန့်ကျင်ရေး ကုလသမဂ္ဂ သဘောတူစာချုပ် (CAT) နှင့် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းစဉ်များအပါအဝင် အခြားသော သော့ချက်ကျသည့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် အဖွဲ့ဝင်ပါတီတစ်ဦး ဖြစ်လာရန်၊

- မြန်မာ့စစ်တပ် နှင့် မြန်မာ့ရဲတပ်ဖွဲ့ အား အရပ်သား တရားရုံးများ၏ စီရင်မှုလက်အောက်သို့ ရောက်ရှိလာစေရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နိုင်ငံတကာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများပါဝင်ပတ်သက်နေသည့် ပြစ်မှုများအား အရပ်သား တရားရုံးများတွင် ဆောင်ရွက်ကြောင်း သေချာစေရန် အစရှိသည်တို့အတွက် ၂၀၀၈ ခုနှစ် ဖွဲ့ စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန်၊

- လုံခြုံရေးတပ်ဖွဲ့ ဝင်များမှ ကျူးလွန်သည်ဟု စွပ်စွဲခံထားရသော လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများ နှင့် အခြားသော ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု ပြစ်မှုအားလုံးအား စုံစမ်းစစ်ဆေးရာတွင် လက်ငင်း၊ ဘက်မလိုက်သော၊ လွတ်လပ်သော၊ ထို့ပြင် ထိရောက်မှုရှိသော စုံစမ်းစစ်ဆေးမှုများ ဖြစ်စေဖို့ မှာကြားရန်။ လုံလောက်၍ လက်ခံနိုင်သော သက်သေအထောက်အထားများ တွေ့ ရှိရချိန်တွင် ၎င်းသံသယရှိသူအား ကျိုးကြောင်းသင့်လျော်စွာဖြင့် ရာဇဝတ်ပြစ်မှုခံယူစေရန်၊ ဤတွင် အမိန့်ပေးစေခိုင်းသူဆိုင်ရာ ပြစ်မှုတာဝန်လည်း ပါဝင်မည် ဖြစ်ပြီး၊ သေဒဏ်ပေးခြင်းအပေါ် အားကိုးအားထားမပြုဘဲ မျှတသော နိုင်ငံတကာ စံချိန်းစံညွှန်းများဖြင့်ကိုက်ညီသည့် တရားစီရင်မှုများအား ဆောင်ရွက်ရန်၊

- နိုင်ငံတကာ ဥပဒေအား ချိုးဖောက်သည့် အပြုအမူများအား အဆုံးသတ်ပြီး၊ အနာဂါတ်တွင် ဆောင်ရွက်ခြင်းမပြုတော့ဖို့ ပြည်နယ် လုံခြုံရေးတပ်ဖွဲ့ ဝင်များ အားလုံးအား ချက်ချင်း အမိန့်ပေးရန်၊ နှင့် စုံစမ်းစစ်ဆေးမှုများ ပြီးမြောက်ဖို့ စောင့်ဆိုင်းနေစဉ်အတွင်း နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများအား ကျူးလွန်သည့် သို့မဟုတ် ကျူးလွန်ရန် မှာကြားသည့် သံသယဖြစ်ဖွယ် စစ်ဘက်ဆိုင်ရာ သို့မဟုတ် ရဲ ဝန်ထမ်းများ မှန်သမျှအား တာဝန်မှ ဆိုင်းငံ့ထားရန်၊

- လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်နေသည့် လက်ရှိ နှင့် ယခင် အရာရှိများအား အရပ်သား သို့မဟုတ် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်မှု ရာထူးနေရာများတွင် ထိန်းသိမ်းထားရှိခြင်းမပြုကြောင်း သေချာစေရန်အတွက် နိုင်ငံတစ်ဝှမ်း စနစ်တကျစစ်ဆေးမှု ယန္တရား တစ်ခုအား ဖွဲ့ စည်းဆောင်ရွက်ရန်၊

- နိုင်ငံတကာဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ နှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများမှ ရှင်သန်လွတ်မြောက်လာသူများ နှင့် စတေးခံသားကောင်များ၏ မိသားစုများ၊ ထို့ပြင် အစိုးရမဟုတ်သော နိုင်ငံရေးဇာတ်ကောင်များ၏ အနိုင်ကျင့်နှိပ်စက်မှုမှ ရှင်သန်လွတ်မြောက်လာသူများ နှင့် စတေးခံသားကောင်များ၏ မိသားစုများ အစရှိသူတို့အား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထိရောက်မှုရှိပြီး၊ ကျား၊မ ခွဲခြားမှုမရှိသော၊ ထို့ပြင် ပြုပြင်ပြောင်းလဲထားသော စစ်လျော်ကြေးများ အပြည့်အဝ ထောက်ပံ့ပေးရန်၊

- ရဲ နှင့် စစ်တပ်အကြား ပါဝါပိုင်းခြားမှု၊ နှင့် ၎င်းတို့ ပူးပေါင်းဆောင်ရွက်သည့်အခါတွင် အမိန့်ပေးမှု၊ ထိန်းချုပ်မှု စနစ်များတို့ အတွက် ဥပဒေအတွင်း ရှင်းလင်းစွာသတ်မှတ်ပေးရန်။ စစ်တပ်အနေနှင့် သာမန်မဟုတ်သည့် အထူး အခြေအနေများတွင်သာလျှင် ရဲတာဝန် ဆောင်ရွက်ချက်များအား ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စစ်သားများသည် ရဲအရာရှိများထက် ပိုမိုသော အခွင့်အာဏာများ ရရှိမည် မဟုတ်ကြောင်း၊ သင့်တော်သော သင်တန်းပို့ချမှုများအား လက်ခံရရှိသင့်ကြောင်း၊ ထို့ပြင် တူညီသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း နှင့် အရပ်သား စီရင်ဆုံးဖြတ်မှုတို့နှင့်အညီ လိုက်နာမည်ဖြစ်ကြောင်း အစရှိသည်တို့ကို ဥပဒေအတွင်း ရှင်းလင်းစွာ အတည်ပြုထားသင့်ပေသည်။ ရဲတာဝန် ဆောင်ရွက်ချက်များအား ထမ်းဆောင်ရန် နှင့် ရဲ အခွင့်အာဏာအား အသုံးပြုရန်အတွက် စစ်တပ်အား မည်သည့် ဥပဒေဆိုင်ရာ နှင့် စီမံလည်ပတ်မှုဆိုင်ရာ အစီအစဉ်များအောက်တွင် ထားရှိမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းအောင် ဆောင်ရွက်ထားရပေမည်။

- ရခိုင်ပြည်နယ်တွင် နေထိုင်နေသည့် ရပ်ရွာအသိုင်းအဝိုင်းများ အားလုံး၏ အခွင့်အရေးများအား လေးစား၊ ကာကွယ်ရန် ပျက်ကွက်သည့်၊ အရပ်သားများထံမှ လာဘ်ယူသည့်၊ တာဝန်အတွက် တရားမဝင် အခကြေးများ ရယူသည့် သို့မှမဟုတ် လုံခြုံရေးတပ်ဖွဲ့ ဝင်များမှ ကျူးလွန်သည့် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ နှင့် မမှန်ကန်သည့်အပြုအမူများအား တိုင်ကြားသူများအပေါ် အနိုင်ကျင့်၊ ခြိမ်းခြောက်သည့် အစရှိသော ရဲတပ်ဖွဲ့ နှင့် စစ်ဘက်ဆိုင်ရာမှ အရာရှိများအား ဌာနအတွင်းပိုင်း စည်းမျဉ်းစည်းကမ်းအရ အရေးယူသည့် ယန္တရားတစ်ခုအား ထုတ်ပြန်ရန်။ ၎င်းယန္တရားထဲတွင် ခွဲခြားဆက်ဆံမှု၊ အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ နှင့် အကျင့်ပျက်ချစားမှုများသည် သက်ဆိုင်ရာ ရုံးခန်းအတွင်းမှ အရာရှိများအား ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်စေနိုင်သည့် အခြေခံအချက်များဖြစ်ကြောင်း သေချာစေသည့် မူဝါဒများအား ထည့်သွင်းသင့်ပေသည်။ အဆိုပါသော စည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မှုများ သည် လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုများအတွက် ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၊ ထို့ပြင် အဆိုပါသော ရာဇဝတ်မှုများအတွက် တရားစီရင်မှုများ နှင့် ပြစ်ဒဏ်ပေးမှုများ အစရှိသည်တို့၏ နေရာတွင် အစားထိုးခြင်းမဟုတ်ဘဲ ဖြည့်စွက်ထောက်ပံ့ခြင်းသာ ဖြစ်ရမည်ဖြစ်ပြီး၊ ၎င်းတို့အားလုံးအား လွတ်လပ်သော အရပ်သားအဖွဲ့ များမှ ဆောင်ရွက်သင့်ပေသည်။

- အရာရှိများမှ အနိုင်ကျင့်မှုများအား အစီရင်ခံစေနိုင်ရန်တွက် ရှင်းလင်းသော လမ်းညွှန်ချက်များအား ရေးဆွဲရန်၊ နှင့် အမိန့်တွဲ အဆင့်ဆင့် လက်ခံရာ ရာထူးအဆင့်အားလုံးမှ အရာရှိများသည် ဤလမ်းညွှန်ချက်များနှင့်ပတ်သက်ပြီး သိရှိကြောင်း နှင့် ၎င်းတို့အား ကျင့်သုံးဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ လုံခြုံရေးတပ်များ၏ ချိုးဖောက်မှုများ သို့မဟုတ် မမှန်မကန် ဆောင်ရွက်မှုများအား အစီရင်ခံရန် ပျက်ကွက်မှု သို့မဟုတ် ဖုံးကွယ်မှုအတွက် မျှတသော တရားစီရင်မှုအား ခံယူကာ ပြစ်ဒဏ်များ ချမှတ်ခံရမည်ဖြစ်ကြောင်း အစရှိသည်တို့ကို သေချာသိရှိထားစေရန်၊



AMNESTY INTERNATIONAL

- စစ်တပ် သို့မဟုတ် ရဲဌာန၏ ပြစ်မှုများ သို့မဟုတ် မမှန်မကန်ဆောင်ရွက်မှုများအား ထုတ်ဖော်တိုင်ကြားသူများအပေါ် အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်း နှင့် ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်ခြင်းကို ချက်ချင်း ရပ်တန့်စေရန်။ လက်ရှိတွင် ထိန်းသိမ်းခံထားရသည့် အဆိုပါသော ထုတ်ဖော်တိုင်ကြားသူများ မှန်သမျှအား လွှတ်ပေးရန်။ ထုတ်ဖော်တိုင်ကြားသူများအား လက်စားခြေတုံ့ပြန်ခံရမှုရန်မှ ကာကွယ်ပေးသည့် ဥပဒေများအား ချမှတ်ဆောင်ရွက်ထားရန်။

**ရခိုင်ပြည်နယ်တွင် အထက်တွင်ဖော်ပြထားသည့် အုပ်ချုပ်မှုစနစ်အား ဖျက်သိမ်းရေး နှင့် အားလုံးအတွက် ရေရှည်ခံဆောင်နိုင်စွမ်းရှိသော ဖွံ့ဖြိုး တိုးတက်မှုအား သေချာစေရေး**

- ရခိုင်ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးများ၊ ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသည့် ရခိုင်၊ ရိုဟင်ဂျာ၊ ခမာ နှင့် အခြားသော ရပ်ရွာအသိုင်းအဝိုင်းများ၏ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ နှင့် ကုလသမဂ္ဂ နှင့် အခြားသော သက်ဆိုင်ရာ ပါဝင်သက်ဆိုင်သူများဖြင့် တက်ကြွစွာ တိုင်ပင်ဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်အတူ ခွဲခြားဆက်ဆံမှုများ နှင့် ပိုင်းခြားမှုများအား တိုက်ဖျက်ချေမှုန်းမည့် အလုံးစုံထည့်သွင်းစဉ်းစားထားသော အစီအစဉ်တစ်ခုအား အရေးပေါ် ကျင့်သုံးဆောင်ရွက်ရန် ဖြစ်သည်။ ဤအစီအစဉ်တွင် သတ်မှတ်ထားသော အချိန်ကာလပြဇယားများ နှင့် အသေးစိတ်သော အခွင့်အရေး-တိုင်ကြားမှုဆိုင်ရာ ပစ်မှတ်များ၊ အတိုင်းအတာပြကိရိယာများ နှင့် စံသတ်မှတ်ထားသည့် ပန်းတိုင်များ ပါဝင်သင့်ပြီး၊ ၎င်းသည် လိုအပ်သော ငွေကြေးဆိုင်ရာ၊ လူ့စွမ်းအား အရင်းအမြစ် နှင့် နည်းပညာအရင်းအမြစ်များအား ဖော်ထုတ်နိုင်ရပေမည်၊ ထို့ပြင် ၎င်း၏ အကောင်ထည်ဖော်ဆောင်ရွက်မှု နှင့် စောင့်ကြည့်စီမံမှုတို့အတွက် တာဝန်ရှိသူများအား ခန့်အပ်စီစဉ်ထားရပေမည်၊ ထို့အပြင် တိုးတက်မှုအခြေအနေများအား ပုံမှန် လူထုထံသို့ အစီရင်ခံရန် အတွက် ယန္တရားတစ်ခုလည်း ပါဝင်ရမည်ဖြစ်သည်။ တိုင်ပင်ဆွေးနွေးမှုများအတွင်း အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုများအား သေချာစေရန်၊ နှင့် ခွဲခြားဆက်ဆံမှု၊ ပိုင်းခြားမှုများနှင့်ပတ်သက်ပြီး ကျား၊မ ဆိုင်ရာ သက်ရောက်မှုများအား ဖြေရှင်းရန် အစရှိသည်တို့အတွက် အသေးစိတ်သော ကြိုးပမ်းအားထုတ်မှုများအား ပြုလုပ်သင့်ပေသည်၊

- လူမျိုး၊ အသားရောင်၊ မူလတိုင်းရင်းသား၊ ကျား၊မ လိင်ကွဲပြားမှု၊ ဘာသာစကား သို့မဟုတ် ဘာသာရေး၊ သို့မှုမဟုတ် ခွဲခြားဆက်ဆံမှုမပြုရန် တားမြစ်ထားသည့် အခြေခံအချက်များ အစရှိသည်တို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခြင်း ကင်းမဲ့သည့် နိုင်ငံသားခံယူခွင့်အား ပေးအပ်ကြောင်း သေချာစေရန်၊ နှင့် ဤမူစည်းမျဉ်းအား လက်တွေ့ အကောင်ထည်ဖော် ဆောင်ရွက်နိုင်ကြောင်း သေချာစေရန်အတွက်ငှာ ၁၉၈၂ နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ အက်ဥပဒေအား ပြင်ဆင်ရပေမည်။ နိုင်ငံသားဥပဒေအား အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်ရန် စောင့်ဆိုင်း နေစဉ်အတွင်း ယခင်က တရားဝင်ဖြစ်သော သက်သေအထောက်အထားကဒ်များ ကိုင်ဆောင်ထားသူများ နှင့် ၎င်းတို့၏ ကလေးများထံသို့ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ပြန်လည်ပေးအပ်နိုင်ရန် ချက်ချင်း ဆောင်ရွက်သင့်ပြီး၊ ၎င်းတို့သည် နောက်ထပ် နိုင်ငံသားဖြစ်ခွင့် ဆုံးဖြတ်မှုလုပ်ငန်းစဉ်အား ထပ်မံသွားရောက်ဖို့မလိုအပ်တော့ကြောင်း သေချာအောင် ဆောင်ရွက်ရမည် ဖြစ်သည်၊

- ရိုဟင်ဂျာများအပေါ် တစ်ဖက်သတ် ခွဲခြားဆက်ဆံ တားမြစ်ချက်များ၊ အထူးသဖြင့် လွတ်လပ်စွာ သွားလာခွင့်အပေါ် ကန့်သတ်ချက်များ ပြုလုပ်ထားသည့် ဒေသဆိုင်ရာ အမိန့်များ နှင့် မူဝါဒများအားလုံးအား ရုတ်သိမ်းပြီး၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများသည် ခွဲခြားဆက်ဆံခြင်း မခံရဘဲ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး နှင့် လူမှုဘဝနေထိုင်မှု အခွင့်အရေးများအား ရရှိနိုင်ကြောင်း သေချာအောင် ဆောင်ရွက် ရပေမည်၊

- မူစလင် ရိုဟင်ဂျာများ နှင့် အခြားသော မူစလင်များအား အများပြည်သူလူထုရှေ့တွင်ဖြစ်စေ သီးသန့်ဖြစ်စေ ဘုရားရှိခိုး၊ ဝတ်ပြု၊ ကျင့်မှတ်၊ သင်ကြားနိုင်စေခြင်းဖြင့် မိမိတို့၏ ဘာသာရေးအား ငြိမ်းချမ်းစွာ နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့် ပြုရမည်ဖြစ်သည်၊

- ဒုက္ခသည်ခိုလှုံသူများ၊ ပြောင်းရွှေ့ နေရာချထားခံရသူများ နှင့် လူမှုအသိုင်းအဝိုင်းများအား အကယ်၍ ဖြစ်နိုင်လျှင် ၎င်းတို့၏မူလနေထိုင်ရာသို့ ဖြစ်စေ၊ သို့မဟုတ် အချို့သော ခြွင်းချက်အခြေအနေများတွင်မူ ရခိုင်ပြည်နယ်မြောက်ပိုင်း တစ်နေရာမှ အခြားရွေးချယ်နိုင်သော သင့်တော်သည့် အိမ်ရာတစ်ခုတွင်ဖြစ်စေ လုံခြုံအန္တရာယ်ကင်းစွာ မိမိဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လည်သွားရောက်နိုင်ဖို့ အာမခံချက်ပေးရမည် ဖြစ်သည်၊ ထို့ပြင် မိမိတို့၏ နေရပ်ပြန်မှု သို့မဟုတ် ပြန်လည်အခြေချမှု နှင့် ပြန်လည်စုစည်းမှု၊ ထို့ပြင် ဒေသ၏ အလုံးစုံ တိုးတက်မှု အစရှိသည်တို့အား စီစဉ်ရေးဆွဲ၊ စီမံခန့်ခွဲရာတွင်လည်း ဒုက္ခသည်ခိုလှုံသူများ နှင့် နိုင်ငံအတွင်း ပြောင်းရွှေ့နေရာချထားခြင်းခံရသူများ၊ အထူးသဖြင့် အမျိုးသမီးများ၏ အပြည့်အဝ ပါဝင်ဆောင်ရွက်မှုကို သေချာအောင် ဆောင်ရွက်ရပေမည်။ ဒုက္ခသည်ခိုလှုံသူများ နှင့် ပြောင်းရွှေ့ နေရာချထားခြင်းခံရသူများ အားလုံးသည် ၎င်းတို့၏ အသက်၊ လုံခြုံရေး၊ လွတ်လပ်မှု သို့မဟုတ် ကျန်းမာရေးတို့အတွက် အန္တရာယ်ရှိသော နေရာတစ်နေရာရာသို့ အတင်းအကျပ် ပေးပို့ခံရခြင်း သို့မဟုတ် အခြေချနေထိုင်စေခြင်း မရှိစေရန်အတွက် ၎င်းတို့၏ အခွင့်အရေးအား သေချာစေရပေမည်၊

- ခွဲခြားဆက်ဆံမှုများ မရှိဘဲ လူတိုင်းအား အကျိုးဖြစ်ထွန်းစေမည့် ရေရှည်ခံဆောင်နိုင်စွမ်းရှိသော ရခိုင်ပြည်နယ်၏ ဖွံ့ ဖြိုးတိုးတက်မှုအတွက် သင့်တော်ရာ အစီအစဉ်များ နှင့် မူဝါဒများအား ရေးဆွဲပြီး၊ အားလုံးအပေါ် လုံလောက်စွာ အလေးထားကြောင်း၊ အကာအကွယ်ပေးကြောင်း၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ပေးအပ်ကြောင်း အစရှိသည်တို့ကို သေချာစေရန်အတွက် နဂိုကရှိနေသည့် မညီမျှမှုများအား ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်သည်၊ ထို့ပြင်

- ခွဲခြားဆက်ဆံမှု၊ ဖယ်ချန်ထားမှု သို့မဟုတ် အကြမ်းဖက်မှုများအား လှုံ့ဆော်ပေးသည့် နိုင်ငံရေးရာ၊ မျိုးနွယ်ရေးရာ သို့မဟုတ် ဘာသာရေးရာ အမုန်းတရား လှုံ့ဆော်အားပေးမှုများ မှန်သမျှအား လူထုရှေ့ ပြတ်ပြတ်သားသား ရှုတ်ချရမည်ဖြစ်သည်။ ၎င်းပျံ့နှံ့မှုများအား အဆုံးသတ်စေရန်အတွက် ထိရောက်သော အရေးယူဆောင်ရွက်ချက်များပြုလုပ်ပြီး၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေနှင့်အညီ ပစ်မှတ်ထားခံရသော သူများအတွက် အကာအကွယ် ထောက်ပံ့ပေးရပေမည်။

**ကုလသမဂ္ဂ၊ အခြားသော နိုင်ငံတကာ နှင့် နိုင်ငံအလိုက် ပါဝင်သက်ဆိုင်သူများ၊ အေဂျင်စီများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး**

- မောင်းတော၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များရှိ ဧရိယာများ အားလုံး အပါအဝင် နိုင်ငံတစ်ဝှမ်းသို့ လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ အကူအညီများ တားမြစ်ပိတ်ပင်ခံရခြင်းမရှိဘဲ ချက်ချင်း ဝင်ရောက်အကူအညီပေးနိုင်ရန် ထောက်ပံ့ပေးရမည်။ ပြောင်းရွှေ့ နေရာချထား ခံရသူများ နှင့် အကူအညီလိုအပ်နေသည့် အခြားသူများ၏ လိုအပ်ချက်များအား ကြည့်ရှုသုံးသပ်စေနိုင်ရန် နှင့် ၎င်းတို့ထံ ပံ့ပိုးကူညီမှုများ ပေးပို့နိုင်ရန်အတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာ နှင့် နိုင်ငံအလိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအား ခွင့်ပြုပေး ရပေမည်၊

- ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု နှင့် ဖွံ့ ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်သားများမှ စီမံဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်ရယူသည့် လုပ်ငန်းစဉ်အား ထိရောက်စွာ စံသတ်မှတ်ချက်တစ်ခုနှင့်အညီ ပြုလုပ်ထားသင့်ပြီး၊ အထူးသဖြင့် အရေးကြီးသည့် ပြန်လည်တုံ့ပြန်ချက်များ ပြုလုပ်ချိန်တွင် ဤအုပ်စုတော်တော်များများသည် ခုခံကာကွယ်နိုင်စွမ်းမဲ့နေသည့် လူထုအပေါ် ပံ့ပိုးထောက်ပံ့နေလျက်ရှိကြောင်း အချက်ကို ထည့်သွင်းစဉ်းစားကာ သင့်တော်သော အချိန်အတိုင်းအတာတစ်ခု အတွင်း တုံ့ပြန်ချက်အား ထောက်ပံ့ပေးကြောင်း သေချာအောင် ဆောင်ရွက်ရပေမည်၊



AMNESTY INTERNATIONAL

- လူ့အခွင့်အရေး စောင့်ကြည့်သူများ၊ လွတ်လပ်သော လေ့လာစောင့်ကြည့်သူများ နှင့် နိုင်ငံအလိုက် နှင့် နိုင်ငံတကာ မီဒီယာ လုပ်သားများသည် ရခိုင်ပြည်နယ်၏ အစိတ်အပိုင်းများ အားလုံး၊ အထူးသဖြင့် မောင်းတော၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များသို့ အပြည့်အဝ ဆက်လက် ဝင်ရောက်နိုင်ခွင့်အား ခွင့်ပြုပေးရပေမည်၊
- လူ့အခွင့်အရေး စောင့်ကြည့်သူများ နှင့် အခြားသော လွတ်လပ်သည့် လေ့လာစောင့်ကြည့်သူများသည် နယ်ခြားစောင့်ရဲ အခြေစိုက်စခန်းများ နှင့် စခန်းငယ်များတို့ကဲ့သော တရားမဝင် ထိန်းသိမ်းရေးဆိုဒ်များ အပါအဝင် ရခိုင်ပြည်နယ်ရှိ ထိန်းသိမ်းရေး အဆောက်အအုံနေရာများ အားလုံးသို့ ဝင်ရောက်နိုင်ခွင့်ကို ထောက်ပံ့ပေးရမည်၊
- ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် မတိုင်မီ ရက်များ နှင့် ၎င်းပြီးနောက် နောက်ပိုင်းကာလများတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လုံခြုံရေးတပ် စစ်ဆင်ရေးများဖြင့် ဆက်နွယ်ပြီး ထိန်းသိမ်းခံထားရသူများ၏ မိသားစုများထံသို့ ၎င်းထိန်းသိမ်းခံထားရသူများ၏ ကံကြမ္မာမှာ မည်သို့ရှိကြောင်း နှင့် ၎င်းတို့မည်သည့်နေရာတွင်ရှိနေကြောင်း အချက်အလက်များ အပြည့်အဝအား ချက်ချင်း ထောက်ပံ့ပေးရပေမည်။ နိုင်ငံတကာမှ အသိအမှတ်ပြုသော ပြစ်မှုများဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသူများမှလွဲ၍ အားလုံးသော ထိန်းသိမ်းခံထားရသူများအား ချက်ချင်း လွတ်မြောက်ခွင့်ပေးကြောင်း သေချာအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ပြစ်ဒဏ်ချမှတ်ခံရသူများအား လွတ်လပ်သော အရပ်သား တရားရုံးမှနေ ၎င်းတို့ ပုံမှန်အားဖြင့် တရားဝင် ထိန်းသိမ်းခံရမည့်နေရာသို့ ပို့ဆောင်ကာ မိသားစုများ မကြာခဏ ဝင်ရောက်တွေ့ဆုံခွင့် နှင့် ၎င်းတို့ ရွေးချယ်ရာ ရှေ့နေများ ရရှိခွင့် အစရှိသည်တို့အား ခွင့်ပြုပြီ၊ အကျဉ်းသားများအတွက် ကုသမှုဆိုင်ရာ အနည်းဆုံးစံသတ်မှတ်ချက် စည်းမျဉ်းများ (နယ်လဆင်မန်ဒဲလား စည်းမျဉ်းများ) နှင့် အခြားသော နိုင်ငံတကာ ဥပဒေများ၊ စံချိန်စံညွှန်းများနှင့် အပြည့်အဝ ကိုက်ညီမှုရှိသော ကုသမှုအား ထောက်ပံပေးရပေမည်၊
- မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်ပြီး ကုလသမ္မဂ အထူး ကိုယ်စားလှယ်အား နိုင်ငံဝင်ရောက်ခွင့် တားမြစ်ထားသည့် ဆုံးဖြတ်ချက်အား ချက်ချင်း ပြင်ဆင်ပေးရန်၊ နှင့် အဆိုပါတားမြစ်ချက်အစား သူမအနေနှင့် နိုင်ငံ၏ အစိတ်အပိုင်းများ အားလုံးသို့ အပြည့်အဝ အဟန့်အတားမရှိဘဲ ဆက်လက် ဝင်ရောက်ခွင့်ရှိကြောင်း သေချာအောင်ဆောင်ရွက်ပေးရန်၊ ထို့ပြင် သူမထံဖြစ်စေ သို့မဟုတ် သူမ တွေ့ဆုံသော သူများကိုဖြစ်စေ ရည်ရွယ် ချိန်းခြောက်မှုများ သို့မဟုတ် အနှောက်အယှက်ပေးမှုများ မရှိစေဘဲ သူမအနေနှင့် ထိန်းသိမ်းခံရသူများ အပါအဝင် သူမ ရွေးချယ်သော အုပ်စုများ သို့မဟုတ် အခြားသော ပုဂ္ဂိုလ်များ နှင့် အရာရှိဝန်ထမ်းများကိုပါ တွေ့ဆုံနိုင်ခွင့်ပေးရန် ခွင့်ပြုသင့်ပေသည်။ လူ့အခွင့်အရေးကောင်စီမှ တောင်းဆိုသည့်အတိုင်းပင် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများအား အကဲဖြတ်သုံးသပ်ရန်အတွက် ပူးပေါင်း စံသတ်မှတ်ချက် ပန်းတိုင်များအား သူမနှင့်အတူ ညှိနှိုင်းတိုင်ပင် ထုတ်ပြန်သင့်ပေသည်။
- ကုလသမဂ္ဂ၏ အခြားသော အထူး လုပ်ငန်းစဉ်များ အားလုံးထံသို့ ဆက်လက် ဖိတ်ကြားမှုများ တိုးချဲ့ပေးပြီး၊ နိုင်ငံ၏ အစိတ်အပိုင်းများ အားလုံးသို့ အပြည့်အဝ ဝင်ရောက်ခွင့်နှင့်အတူ တောင်းဆိုလာသော လည်ပတ်ခွင့်များ မှန်သမျှအတွက် လျှင်မြန်ထိရောက်စွာဖြင့် အဆင်ပြေအောင် ဆောင်ရွက်ပေးရပေမည်၊ ထို့ပြင်
- အပြည့်အဝ ကာကွယ်မှု နှင့် မြင့်တင်မှု ပြဌာန်းချက်များနှင့်အတူ OHCHR ရုံးခန်းတစ်ခုအား အစောဆုံး အခွင့်အလမ်းဖြင့် ဖွဲ့စည်းနိုင်စေရန် စီစဉ်ပေးပြီး၊ နိုင်ငံတစ်ဝှမ်း သွားလာခွင့်ကို ပေးရပေမည်။

## အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (ARSA) ထံသို့

- ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ၊ ဖမ်းဆီးခေါ်ဆောင်မှုများ နှင့် အခြားသော ပြင်းထန်သည့် လူ့အခွင့်အရေး တလွဲအသုံးချမှုများအား ရပ်တန့်ရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် အဖွဲ့ဝင်များ အားလုံးထံ ချက်ချင်း ညွှန်ကြားရမည်၊
- ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ရှိသည်ဟု သံသယရှိသော အဖွဲ့ဝင်မှန်သမျှအား ရာထူးများမှ ဖယ်ရှားပစ်ရမည်၊ ထို့ပြင်
- နိုင်ငံတကာ ဥပဒေလက်အောက်မှ ရာဇဝတ်မှုများ နှင့် မြန်မာနိုင်ငံရှိ အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ၊ တလွဲ အသုံးချမှုများအတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေး သို့မဟုတ် စီရင်ရန် အနာဂါတ် ICC စုံစမ်းစစ်ဆေးမှု၊ ထို့ပြင် လက်ရှိ သို့မဟုတ် အနာဂါတ်တွင် ဖွဲ့စည်းမည့် UN ယန္တရားနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု ပြုရမည် ဖြစ်သည်။ အချက်အလက်များ နှင့် စာရွက်စာတမ်းများ ဝင်ရောက်ရယူနိုင်ခွင့်နှင့်ပတ်သက်ပြီး အပါအဝင် ယန္တရားမှ တောင်းဆိုချက်များ မှန်သမျှအား ချက်ချင်း တုံ့ပြန် ဆောင်ရွက်ပေးရမည်။

## ဘင်္ဂလားဒေ့ရှ် အစိုးရထံသို့

- မြန်မာနိုင်ငံရှိ အကြမ်းဖက်မှု နှင့် ရက်စက်ညှဉ်းပန်းမှုများမှ ထွက်ပြေးလာသည့် ပုဂ္ဂိုလ်များ အားလုံးအား မည်သည့် ကြန့်ကြာမှု သို့မဟုတ် ကန့်သတ်ချက်များမှ မရှိဘဲ ဘင်္ဂလားဒေ့ရှ်သို့ ဆက်လက် ဝင်ရောက်နိုင်ရန် ခွင့်ပြုပေးရမည်၊
- *ခိုဝင်လာသူများအား အတင်းအကျပ် နေရပ်ပြန်မပို့ရေး* မူစည်းမျဉ်းအား တင်းကြပ်စွာဖြင့် အသုံးပြုပြီး၊ မြန်မာနိုင်ငံရှိ ၎င်းတို့၏ နေအိမ်များသို့ ရိုဟင်ဂျာ ဒုက္ခသည်များအား နေရပ်ပြန်စေရာတွင် ၎င်းတို့၏ ဆန္ဒအလျောက် လုံခြုံအန္တရာယ်ကင်းစွာဖြင့် ဂုဏ်သိက္ခာရှိစွာ အဆက်မပြတ် နေရပ်ပြန်သည့် လုပ်ငန်းစဉ် ဖြစ်ရမည်ဖြစ်သည်။ စနစ်တကျ ခွဲခြားဆက်ဆံမှု နှင့် ပိုင်းခြားထားမှုများ အပါအဝင် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ၎င်းတို့ ရင်ဆိုင်နေရသည့် အခြေအနေသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းအကျပ် ပြန်ပို့ခြင်း မပြုကြောင်း အာမခံချက် ပေးရပေမည်၊
- ရန်ပုံငွေထောက်ပံ့မှုများ နှင့် စီမံကိန်းများမှတစ်ဆင့် ရိုဟင်ဂျာ ဒုက္ခသည်များအကြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန် လွတ်မြောက်လာသူများအတွက် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှု နှင့် အကြံပေးဆွေးနွေးခြင်းတို့ အပါအဝင် မုဒိန်းမှုသားကောင်များအား နောက်ပိုင်းကာလ စောင့်ရှောက်မှုများ ထောက်ပံ့ပေးခြင်း၊ အရေးပေါ်သားဆက်ခြားခြင်း၊ HIV အကြံပေးဆွေးနွေးခြင်း၊ ရောဂါစစ်ဆေးမှု နှင့် ရောဂါ ကာကွယ်မှု ကုထုံးများ၊ အန္တရာယ်ကင်းစိတ်ချရပြီး တရားဝင်ဖြစ်သော သားဖျက်ချမှုများ နှင့် မိခင်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများ အစရှိသည်တို့နှင့်ပတ်သက်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ နှင့် အချက်အလက်များကို အပြည့်အဝ ဦးစားပေး ထောက်ပံ့သွားရပေမည်၊
- နိုင်ငံတကာ ဥပဒေလက်အောက်မှ ရာဇဝတ်မှုများ နှင့် မြန်မာနိုင်ငံရှိ အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများ၊ တလွဲအသုံးချမှုများအတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေး၊ စီရင် သို့မဟုတ် တရားမျှတမှု ရရှိစေရန်အတွက် အနာဂါတ် ICC စုံစမ်းစစ်ဆေးမှု၊ ထို့ပြင် လက်ရှိ သို့မဟုတ် အနာဂါတ်တွင် ဖွဲ့စည်းမည့် UN ယန္တရားနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု ပြုရမည် ဖြစ်သည်၊ ထို့ပြင် အချက်အလက်များ နှင့် စာရွက်စာတမ်းများ ဝင်ရောက်ရယူနိုင်ခွင့်နှင့် ပတ်သက်ပြီး အပါအဝင် ယန္တရားမှ တောင်းဆိုချက်များ မှန်သမျှအား ချက်ချင်း တုံ့ပြန်ဆောင်ရွက်ပေးရမည်။

INDEX: ASA 16/8630/2018
JUNE2018
LANGUAGE: BURMESE
amnesty.org

- မြန်မာ့လုံခြုံရေးတပ်များ နှင့် ARSA တို့မှ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် အနိုင်ကျင့်မှုများမှ ရှင်သန် လွတ်မြောက်လာသူများ နှင့် မျက်မြင်သက်သေများ၊ ထို့ပြင် ၎င်းတို့၏ မိသားစုများအား ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှု နှင့် တိုက်ခိုက်မှုများရန်မှ အကာအကွယ်ပေးထားကြောင်း သေချာစေရန် ထိရောက်စွာ ဆောင်ရွက်ရပေမည်။ အဆိုပါသော ခြိမ်းခြောက်မှုများ သို့မဟုတ် တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများအား မျှတစွာဖြင့် စီရင်နိုင်ရန် စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး၊ အကယ်၍ လိုအပ်လျှင် လုံခြုံသော အိမ်ရာ၊ ငွေကြေး နှင့် အခြားအမျိုးအစားသော ပံ့ပိုးထောက်ပံ့မှုများ၊ ပြန်လည်နေရာချမှု နှင့် မိမိမည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား ပြောင်းလဲမှုများအား ထောက်ပံ့ပေးရပေမည်။

## ဘင်္ဂလားဒေ့ရှ်တွင် ရိုဟင်ဂျာ ဒုက္ခသည်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျ က်ရှိသော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ နှင့် အလှူရှင်များ

- ရန်ပုံငွေထောက်ပံ့မှုများ နှင့် စီမံကိန်းများမှတစ်ဆင့် ရိုဟင်ဂျာ ဒုက္ခသည်များအကြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှု နှင့် အကြံပေးဆွေးနွေးခြင်းတို့ အပါအဝင် မုဒိန်းမှုသားကောင်များအား နောက်ပိုင်းကာလ စောင့်ရှောက်မှုများ ထောက်ပံ့ပေးခြင်း၊ အရေးပေါ်သားဆက်ခြားခြင်း၊ HIV အကြံပေးဆွေးနွေးခြင်း၊ ရောဂါစစ်ဆေးမှု နှင့် ရောဂါ ကာကွယ်မှုကုထုံးများ၊ အန္တရာယ်ကင်းစိတ်ချရပြီး တရားဝင်ဖြစ်သော သားဖျက်ချမှုများ နှင့် မိခင်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများ အစရှိသည်တို့နှင့် ပတ်သက်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ နှင့် အချက်အလက်များကို အပြည့်အဝ ဦးစားပေး ထောက်ပံ့သွားရပေမည်။



AMNESTY INTERNATIONAL